# အဘိဓမ္မပိဋက

# ပိဋကတ်ပါဠိတော်

## မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၅ - ဓာတုကထာပါဠိ

## (ရုပ်နာမ်တို့ကို အစိုးရသည့် ဓာတ်တို့ကို ဝေဖန်၍ပြသော ဓာတုကထာပါဠိ)

## ၁ - အဘိဓမ္မဘာဇနီယ

## (အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောကြားခြင်း)

### ဓာတ် ၂၂-ပါး

#### ဓာတ် ၂၂-ပါး အမေးအဖြေ

| | |
|---|---|
| (၁) စက္ခုဓာတ် | (၁၂) သောမနဿိန္ဒြေ |
| (၂) သောတိန္ဒြေ | (၁၃) ဒေါမနဿိန္ဒြေ |
| (၃) ဃာနိန္ဒြေ | (၁၄) ဥပေက္ခိန္ဒြေ |
| (၄) ဇိဝှိန္ဒြေ | (၁၅) သဒ္ဓိန္ဒြေ |
| (၅) ကာယိန္ဒြေ | (၁၆) ဝီရိယိန္ဒြေ |
| (၆) မနိန္ဒြေ | (၁၇) သတိန္ဒြေ |
| (၇) ဣတ္ထိန္ဒြေ | (၁၈) သမာဓိန္ဒြေ |
| (၈) ပုရိသိန္ဒြေ | (၁၉) ပညိန္ဒြေ |
| (၉) ဇီဝိတိန္ဒြေ | (၂၀) အနညာတညဿာမီတိန္ဒြေ |
| (၁၀) သုခိန္ဒြေ | (၂၁) အညိန္ဒြေ |
| (၁၁) ဒုက္ခိန္ဒြေ | (၂၂) အညာတာဝိန္ဒြေ |

# ၅ - ဣန္ဒြိယဝိဘင်္ဂ

## ၂ - ပဥှာပုစ္ဆက

## (အမေးအဖြေပြု၍ ဟောကြားသော ပဥှာပုစ္ဆကနည်း)

ဣန္ဒြေ ၂၂-ပါး

ဣန္ဒြေ ၂၂-ပါးတို့ကို တိက်ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း

၁ - တိက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

(၁) ကုသလတိက် အမေးပုစ္ဆာ

(တိက်အမှတ် ၂-မှ ၂၁-အထိ ပေယျာလချန်ထားသည်)။

၂ - ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

(၁၀၀) သရဏဒုက် အမေးပုစ္ဆာ

(ဒုက်အမှတ် ၁-မှ ၉၉-အထိ ပေယျာလချန်ထားသည်)

ဣန္ဒြေ ၂၂-ပါးတို့ကို တိက်၊ ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

၁ - ဣန္ဒြေ ၂၂-ပါးတို့ကို တိက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

(၁) ကုသလတိက် အဖြေဝိသဇ္ဇနာ
(၂) ဝေဒနာတိက် အဖြေဝိသဇ္ဇနာ
(၃) ဝိပါကတိက် အဖြေဝိသဇ္ဇနာ
(၄) ဥပါဒိန္နတိက် အဖြေဝိသဇ္ဇနာ
(၅) သံကိလိဋ္ဌတိက် အဖြေဝိသဇ္ဇနာ
(၆) ဝိတက်တိက် အဖြေဝိသဇ္ဇနာ
(၇) ပီတိတိက် အဖြေဝိသဇ္ဇနာ
(၈) ဒဿနတိက် အဖြေဝိသဇ္ဇနာ
(၉) ဒဿနဟေတုတိက် အဖြေဝိသဇ္ဇနာ
(၁၀) အာစယဂါမိတိက် အဖြေဝိသဇ္ဇနာ
(၁၁) သေက္ခတိက် အဖြေဝိသဇ္ဇနာ
(၁၂) ပရိတ္တတိက် အဖြေဝိသဇ္ဇနာ
(၁၃) ပရိတ္တာရမ္မဏတိက် အဖြေဝိသဇ္ဇနာ
(၁၄) ဟီနတိက် အဖြေဝိသဇ္ဇနာ
(၁၅) မိစ္ဆတ္တတိက် အဖြေဝိသဇ္ဇနာ
(၁၆) မဂ္ဂါရမ္မဏတိက် အဖြေဝိသဇ္ဇနာ
(၁၇) ဥပ္ပန္နတိက် အဖြေဝိသဇ္ဇနာ
(၁၈) အတီတတိက် အဖြေဝိသဇ္ဇနာ
(၁၉) အတီတာရမ္မဏတိက် အဖြေဝိသဇ္ဇနာ
(၂၀) အဇ္ဈတ္တတိက် အဖြေဝိသဇ္ဇနာ
(၂၁) အဇ္ဈတ္တာရမ္မဏတိက် အဖြေဝိသဇ္ဇနာ
(၂၂) သနိဒဿနတိက် အဖြေဝိသဇ္ဇနာ

# ၅ - ဣန္ဒြိယဝိဘင်္ဂ

## ၂ - ဣန္ဒြေ ၂၂-ပါးတို့ကို ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

### ၁ - ဟေတုဂေါစ္ဆက အဖြေဝိသဇ္ဇနာ

(၁) ဟေတုဒုက် အဖြေဝိသဇ္ဇနာ

(၂) သဟေတုဒုက် အဖြေဝိသဇ္ဇနာ

(၃) ဟေတုသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၄) ဟေတုသဟေတုကဒုက် အဖြေဝိသဇ္ဇနာ

(၅) ဟေတု ဟေတုသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၆) န ဟေတု သဟေတုကဒုက် အဖြေဝိသဇ္ဇနာ

### ၂ - စူဠန္တရဒုက် အဖြေဝိသဇ္ဇနာ

(၇) သပ္ပစ္စယဒုက် အဖြေဝိသဇ္ဇနာ

(၈) သင်္ခတဒုက် အဖြေဝိသဇ္ဇနာ

(၉) သနိဒဿနဒုက် အဖြေဝိသဇ္ဇနာ

(၁၀) သပ္ပဋိဃဒုက် အဖြေဝိသဇ္ဇနာ

(၁၁) ရူပီဒုက် အဖြေဝိသဇ္ဇနာ

(၁၂) လောကိယဒုက် အဖြေဝိသဇ္ဇနာ

(၁၃) ကေနစိဝိညေယျဒုက် အဖြေဝိသဇ္ဇနာ

### ၃ - အာသဝဂေါစ္ဆက အဖြေဝိသဇ္ဇနာ

(၁၄) အာသဝဒုက် အဖြေဝိသဇ္ဇနာ

(၁၅) သာသဝဒုက် အဖြေဝိသဇ္ဇနာ

(၁၆) အာသဝသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၁၇) အာသဝသာသဝဒုက် အဖြေဝိသဇ္ဇနာ

(၁၈) အာသဝ အာသဝသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက် အဖြေဝိသဇ္ဇနာ

# ၅ - ဣန္ဒြိယဝိဘင်္ဂ

## ၂ - ဣန္ဒြေ ၂၂-ပါးတို့ကို ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

### ၄ - သံယောဇနဂေါစ္ဆက အဖြေဝိသဇ္ဇနာ

(၂၀) သံယောဇနဒုက် အဖြေဝိသဇ္ဇနာ

(၂၁) သံယောဇနိယဒုက် အဖြေဝိသဇ္ဇနာ

(၂၂) သံယောဇနသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၂၃) သံယောဇနသံယောဇနိယဒုက် အဖြေဝိသဇ္ဇနာ

(၂၄) သံယောဇနသံယောဇနသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၂၅) သံယောဇနဝိပ္ပယုတ္တသံယောဇနိယဒုက် အဖြေဝိသဇ္ဇနာ

### ၅ - ဂန္ထဂေါစ္ဆက အဖြေဝိသဇ္ဇနာ

(၂၆) ဂန္ထဒုက် အဖြေဝိသဇ္ဇနာ

(၂၇) ဂန္ထနိယဒုက် အဖြေဝိသဇ္ဇနာ

(၂၈) ဂန္ထသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၂၉) ဂန္ထ ဂန္ထနိယဒုက် အဖြေဝိသဇ္ဇနာ

(၃၀) ဂန္ထ ဂန္ထသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၃၁) ဂန္ထဝိပ္ပယုတ္တဂန္ထနိယဒုက် အဖြေဝိသဇ္ဇနာ

### ၆ - ဩဃဂေါစ္ဆက အဖြေဝိသဇ္ဇနာ

(၃၂) ဩဃဒုက် အဖြေဝိသဇ္ဇနာ

(၃၃၊ ဩဃနိယဒုက်မှ- ၃၇၊ ဩဃဝိပ္ပယုတ္တ ဩဃနိယဒုက်အထိ ပေယျာလ ချန်ထားသည်။ အာသဝဂေါစ္ဆကနှင့် တူ၏)။

### ၇ - ယောဂဂေါစ္ဆက အဖြေဝိသဇ္ဇနာ

(၃၈) ယောဂဒုက် အဖြေဝိသဇ္ဇနာ

(၃၉၊ ယောဂနိယဒုက်မှ-၄၃၊ ယောဂဝိပ္ပယုတ္တယောဂနိယဒုက် အထိ ပေယျာလ ချန်ထားသည်။ အာသဝဂေါစ္ဆကနှင့် တူ၏)။

# ၅ - ကမ္ဘန္ဒြီယပိဘင်္ဂ

၂ - ကန္ဒြေ ၂၂-ပါးတို့ကို ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေပိသဇ္ဇနာကို ပြခြင်း

၈ - နီဝရဏဂေါစ္ဆက အဖြေပိသဇ္ဇနာ

(၄၄) နီဝရဏဒုက် အဖြေပိသဇ္ဇနာ

(၄၅) နီဝရဏိယဒုက် အဖြေပိသဇ္ဇနာ

(၄၆) နီဝရဏသမ္ပယုတ္တဒုက် အဖြေပိသဇ္ဇနာ

(၄၇) နီဝရဏနီဝရဏိယဒုက် အဖြေပိသဇ္ဇနာ

(၄၈) နီဝရဏနီဝရဏသမ္ပယုတ္တဒုက် အဖြေပိသဇ္ဇနာ

(၄၉) နီဝရဏဝိပ္ပယုတ္တနီဝရဏိယဒုက် အဖြေပိသဇ္ဇနာ

၉ - ပရာမာသဂေါစ္ဆက အဖြေပိသဇ္ဇနာ

(၅၀) ပရာမာသဒုက် အဖြေပိသဇ္ဇနာ

(၅၁) ပရာမဋ္ဌဒုက် အဖြေပိသဇ္ဇနာ

(၅၂) ပရာမာသသမ္ပယုတ္တဒုက် အဖြေပိသဇ္ဇနာ

(၅၃) ပရာမာသပရာမဋ္ဌဒုက် အဖြေပိသဇ္ဇနာ

(၅၄) ပရာမာသဝိပ္ပယုတ္တပရာမဋ္ဌဒုက် အဖြေပိသဇ္ဇနာ

၁၀ - မဟန္တရဒုက် အဖြေပိသဇ္ဇနာ

(၅၅) သာရမ္မဏဒုက် အဖြေပိသဇ္ဇနာ

(၅၆) စိတ္တဒုက် အဖြေပိသဇ္ဇနာ

(၅၇) စေတသိကဒုက် အဖြေပိသဇ္ဇနာ

(၅၈)စိတ္တသမ္ပယုတ္တဒုက် အဖြေပိသဇ္ဇနာ

(၅၉) စိတ္တသံသဋ္ဌဒုက် အဖြေပိသဇ္ဇနာ

(၆၀) စိတ္တသမုဋ္ဌာနဒုက် အဖြေပိသဇ္ဇနာ

(၆၁) စိတ္တသဟဘူဒုက် အဖြေပိသဇ္ဇနာ

(၆၂) စိတ္တာနုပရိဝတ္တိဒုက် အဖြေပိသဇ္ဇနာ

(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက် အဖြေပိသဇ္ဇနာ

(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘူဒုက် အဖြေပိသဇ္ဇနာ

(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက် အဖြေပိသဇ္ဇနာ

(၆၆) အဇ္ဈတ္တိကဒုက် အဖြေပိသဇ္ဇနာ

(၆၇) ဥပါဒါဒုက် အဖြေပိသဇ္ဇနာ

(၆၈) ဥပါဒိန္နဒုက် အဖြေပိသဇ္ဇနာ

# ၅ - ကင်္ဂြိယဝိဘင်္ဂ

## ၂ - ကင်္ဂြ ၂၂-ပါးတို့ကို ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

### ၁၁ - ဥပါဒါနဂေါစ္ဆက အဖြေဝိသဇ္ဇနာ

(၆၉) ဥပါဒါနဒုက် အဖြေဝိသဇ္ဇနာ

(၇၀) ဥပါဒါနိယဒုက် အဖြေဝိသဇ္ဇနာ

(၇၁) ဥပါဒါနသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၇၂) ဥပါဒါန ဥပါဒါနိယဒုက် အဖြေဝိသဇ္ဇနာ

(၇၃) ဥပါဒါန ဥပါဒါနသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၇၄) ဥပါဒါနဝိပ္ပယုတ္တဥပါဒါနိယဒုက် အဖြေဝိသဇ္ဇနာ

### ၁၂ - ကိလေသဂေါစ္ဆက အဖြေဝိသဇ္ဇနာ

(၇၅) ကိလေသဒုက် အဖြေဝိသဇ္ဇနာ

(၇၆) သံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ

(၇၇) သံကိလိဋ္ဌဒုက် အဖြေဝိသဇ္ဇနာ

(၇၈) ကိလေသသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၇၉) ကိလေသ သံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ

(၈၀) ကိလေသ သံကိလိဋ္ဌဒုက် အဖြေဝိသဇ္ဇနာ

(၈၁) ကိလေသ ကိလေသသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၈၂) ကိလေသဝိပ္ပယုတ္တသံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ

# ၅ - ဣန္ဒြိယဝိဘင်္ဂ

၂ - ဣန္ဒြေ ၂၂-ပါးတို့ကို ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

၁၃ - ပိဋ္ဌိဒုက် အဖြေဝိသဇ္ဇနာ

(၈၃) ဒဿနေန ပဟာတဗ္ဗဒုက် အဖြေဝိသဇ္ဇနာ

(၈၄) ဘာဝနာယ ပဟာတဗ္ဗဒုက် အဖြေဝိသဇ္ဇနာ

(၈၅) ဒဿနေန ပဟာတဗ္ဗဟေတုကဒုက် အဖြေဝိသဇ္ဇနာ

(၈၆) ဘာဝနာယ ပဟာတဗ္ဗဟေတုကဒုက် အဖြေဝိသဇ္ဇနာ

(၈၇) သဝိတက္ကဒုက် အဖြေဝိသဇ္ဇနာ

(၈၈) သဝိစာရဒုက် အဖြေဝိသဇ္ဇနာ

(၈၉) သပ္ပီတိကဒုက် အဖြေဝိသဇ္ဇနာ

(၉၀) ပီတိသဟဂတဒုက် အဖြေဝိသဇ္ဇနာ

(၉၁) သုခသဟဂတဒုက် အဖြေဝိသဇ္ဇနာ

(၉၂) ဥပေက္ခာသဟဂတဒုက် အဖြေဝိသဇ္ဇနာ

(၉၃) ကာမာဝစရဒုက် အဖြေဝိသဇ္ဇနာ

(၉၄) ရူပါဝစရဒုက် အဖြေဝိသဇ္ဇနာ

(၉၅) အရူပါဝစရဒုက် အဖြေဝိသဇ္ဇနာ

(၉၆) ပရိယာပန္နဒုက် အဖြေဝိသဇ္ဇနာ

(၉၇) နိယျာနိကဒုက် အဖြေဝိသဇ္ဇနာ

(၉၈) နိယတဒုက် အဖြေဝိသဇ္ဇနာ

(၉၉) သဥတ္တရဒုက် အဖြေဝိသဇ္ဇနာ

(၁၀၀) သရဏဒုက် အဖြေဝိသဇ္ဇနာ

**ရုပ်နာမ်တို့ကို အစိုးရသည့် ဣန္ဒြေတို့ကို ဝေဖန်၍ပြသော**

**ဣန္ဒြိယဝိဘင်း မာတိကာ ပြီးပြီ။**

------

# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

## မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၅ - ဣန္ဒြိယဝိဘင်္ဂ

## (ရုပ်နာမ်တို့ကို အစိုးရသည့် ဣန္ဒြေတို့ကို ဝေဖန်၍ပြသော ဣန္ဒြိယဝိဘင်း)

## ၁ - အဘိဓမ္မဘာဇနီယ

## (အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောကြားခြင်း)

## ဣန္ဒြေ ၂၂-ပါး

၂၁၉။ ရုပ်နာမ်တရားတို့ကို အစိုးရသည့် ဣန္ဒြေနှစ်ဆယ့်နှစ်ပါးတို့ကား-

(၁) မြင်မှု၌ အစိုးရသည့် မျက်စိအကြည် (စက္ခုပသာဒ) စက္ခုန္ဒြေ၊

(၂) ကြားမှု၌ အစိုးရသည့် နားအကြည် (သောတပသာဒ) သောတိန္ဒြေ၊

(၃) နံမှု၌ အစိုးရသည့် နှာခေါင်းအကြည် (ဃာနပသာဒ) ဃာနိန္ဒြေ၊

(၄) လျက်မှု၌ အစိုးရသည့် လျှာအကြည် (ဇိဝှါပသာဒ) ဇိဝှိန္ဒြေ၊

(၅) ထိမှု၌ အစိုးရသည့် ကိုယ်အကြည် (ကာယပသာဒ) ကာယိန္ဒြေ၊

(၆) သိမှု၌ အစိုးရသည့် (စိတ် ၈၉-ခု) မနိန္ဒြေ၊

(၇) မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရသည့် (ဣတ္ထိဘာဝရုပ်) ဣတ္ထိန္ဒြေ၊

(၈) ယောကျ်ား (အထီး အဖို) ဖြစ်ကြောင်း၌ အစိုးရသည့် (ပုမ္ဘာဝရုပ်) ပုရိသိန္ဒြေ၊

(၉) ရုပ်နာမ်နှစ်ပါးအသက်ရှင်မှု၌ အစိုးရသည့် (ရုပ်ဇီဝိတ, နာမ်ဇီဝိတ) ဇီဝိတိန္ဒြေ၊

(၁၀) ကိုယ်ချမ်းသာ ခံစားမှု၌ အစိုးရသည့် (သုခဝေဒနာ) သုခိန္ဒြေ၊

(၁၁) ကိုယ်ဆင်းရဲ ခံစားမှု၌ အစိုးရသည့် (ဒုက္ခဝေဒနာ) ဒုက္ခိန္ဒြေ၊

(၁၂) စိတ်ချမ်းသာမှု၌ အစိုးရသည့် (သောမနဿဝေဒနာ) သောမနဿိန္ဒြေ၊

(၁၃) စိတ်ဆင်းရဲမှု၌ အစိုးရသည့် (ဒေါမနဿဝေဒနာ) ဒေါမနဿိန္ဒြေ၊

(၁၄) ဆင်းရဲ ချမ်းသာ မဟုတ်သည့် ခံစားမှု၌ အစိုးရသည့် (ဥပေက္ခာဝေဒနာ) ဥပေက္ခိန္ဒြေ၊

(၁၅) ယုံကြည်မှု၌ အစိုးရသည့် (သဒ္ဓါစေတသိက်) သဒ္ဓိန္ဒြေ၊

(၁၆) ကြိုးစားမှု၌ အစိုးရသည့် (ဝီရိယစေတသိက်) ဝီရိယိန္ဒြေ၊

(၁၇) အောက်မေ့မှု၌ အစိုးရသည့် (သတိစေတသိက်) သတိန္ဒြေ၊

(၁၈) တည်ကြည်မှု၌ အစိုးရသည့် (ဧကဂ္ဂတာစေတသိက်) သမာဓိန္ဒြေ၊

(၁၉) ခွဲခြမ်းဝေဖန်၍ သိမှု၌ အစိုးရသည့် (လောကီပညာစေတသိက်) ပညိန္ဒြေ၊

(၂၀) မသိဖူးသေးသည့် သစ္စာတရားတို့ကို ထိုးထွင်းသိမှု၌ အစိုးရသည့် (သောတာပတ္တိမဂ္ဂပညာ) အနညာတညဿာမီတိန္ဒြေ၊

(၂၁) သိပြီးသော သစ္စာတရားတို့ကို ထပ်၍ သိမှု၌ အစိုးရသည့် (အလယ်လောကုတ္တရာ ပညာ ခြောက်ပါး) အညိန္ဒြေ၊

(၂၂) ရဟန္တာပုဂ္ဂိုလ်၏ သစ္စာတရားတို့ကို သိမှု၌ အစိုးရသည့် (အရဟတ္တဖိုလ်ပညာ) အညာတာ ဝိန္ဒြေတို့တည်း။

------

# ဣန္ဒြိယဝိဘင်္ဂ

## ဣန္ဒြေ ၂၂-ပါး အမေးအဖြေ

### (၁) စက္ခုန္ဒြေ

၂၂၀။ ထိုဣန္ဒြေ ၂၂-ပါးတို့တွင် အဘယ်သည် မြင်မှု၌ အစိုးရသည့် မျက်စိအကြည် (စက္ခုပသာဒ) စက္ခုန္ဒြေ မည်သနည်း။

အကြင် မျက်စိအကြည် (စက္ခုပသာဒ) သည် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏။ပ။ ဝ စက္ခုဒွါရ၌ ဖြစ်သော စိတ်အများနှင့် ဆက်ဆံသဖြင့် သီးခြားပိုင်ရှင် ကင်းမဲ့သောကြောင့် လူ ဆိတ်သုဉ်းသောရွာ (သုညဂါမ) လည်း မည်၏၊ ဤသို့ သဘောရှိသော ရုပ်ကို မြင်မှု၌ အစိုးရသည့် မျက်စိအကြည် (စက္ခုပသာဒ) စက္ခုန္ဒြေဟု ဆိုအပ်၏။

### (၂) သောတိန္ဒြေ။ ။

အဘယ်သည် ကြားမှု၌ အစိုးရသည့် နားအကြည် (သောတပသာဒ) သောတိန္ဒြေ မည်သနည်း ။ပ။ ဝ

### (၃) ဃာနိန္ဒြေ။ ။

အဘယ်သည် နံမှု၌ အစိုးရသည့် နှာခေါင်းအကြည် (ဃာနပသာဒ) ဃာနိန္ဒြေ မည်သနည်း။ပ။ ဝ

### (၄) ဇိဝှိန္ဒြေ။ ။

အဘယ်သည် လျက်မှု၌ အစိုးရသည့် လျှာအကြည် (ဇိဝှါပသာဒ) ဇိဝှိန္ဒြေ မည်သနည်း။ပ။ ဝ

### (၅) ကာယိန္ဒြေ။ ။

အဘယ်သည် ထိမှု၌ အစိုးရသည့် ကိုယ်အကြည် (ကာယပသာဒ) ကာယိန္ဒြေ မည်သနည်း။ပ။ ဝ

အကြင် ထိသိစိတ် ကာယဝိညာဏ်ဖြစ်ရာ ကိုယ်အကြည် (ကာယပသာဒ) သည် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏။ပ။ ဝ ကာယဒွါရ၌ ဖြစ်သော စိတ်အများနှင့် ဆက်ဆံသဖြင့် သီးခြားပိုင်ရှင် ကင်းမဲ့သောကြောင့် လူဆိတ်သုဉ်းသော ရွာ (သုညဂါမ) လည်း မည်၏၊ ဤသို့ သဘောရှိသော ရုပ်ကို ထိမှု၌ အစိုးရသည့် ကိုယ်အကြည် (ကာယပသာဒ) ကာယိန္ဒြေဟု ဆိုအပ်၏။

(၆) **မနိန္ဒြေ။ ။**

ထိုက္ကန္ဒြေ ၂၂-ပါးတို့တွင် အဘယ်သည် သိမှု၌ အစိုးရသည့် (စိတ် ၈၉-ခု) မနိန္ဒြေ မည်သနည်း။

**ဧကကနည်း။ ။** တစ်ပါးပြားသော နည်းအားဖြင့် မနိန္ဒြေသည် ဖြစ်၏၊ ဖဿနှင့် ယှဉ်သော မနိန္ဒြေတည်း။

**ဒုကနည်း။ ။** နှစ်ပါးပြားသော နည်းအားဖြင့် မနိန္ဒြေသည် ဖြစ်၏။ ဟိတ်ရှိသော မနိန္ဒြေသည် ရှိ၏။ ဟိတ် မရှိသော မနိန္ဒြေသည် ရှိ၏။

**တိကနည်း။ ။** သုံးပါးပြားသော နည်းအားဖြင့် မနိန္ဒြေသည် ဖြစ်၏။ ကုသိုလ် မနိန္ဒြေသည် ရှိ၏။ အကုသိုလ် မနိန္ဒြေသည် ရှိ၏။ အဗျာကတ မနိန္ဒြေသည် ရှိ၏။

**စတုက္ကနည်း။ ။** လေးပါးပြားသော နည်းအားဖြင့် မနိန္ဒြေသည် ဖြစ်၏။ ကာမဘုံ၌ ဖြစ်သော မနိန္ဒြေသည် ရှိ၏။ ရူပဘုံ၌ ဖြစ်သော မနိန္ဒြေသည် ရှိ၏။ အရူပဘုံ၌ ဖြစ်သော မနိန္ဒြေသည် ရှိ၏။ ဘုံသုံးပါး၌ အကျုံး မဝင်သော မနိန္ဒြေသည် ရှိ၏။

**ပဉ္စကနည်း။ ။** ငါးပါးပြားသော နည်းအားဖြင့် မနိန္ဒြေသည် ဖြစ်၏။ သုခိန္ဒြေနှင့် ယှဉ်သော မနိန္ဒြေသည် ရှိ၏။ ဒုက္ခိန္ဒြေနှင့် ယှဉ်သော မနိန္ဒြေသည် ရှိ၏။ သောမနဿိန္ဒြေနှင့် ယှဉ်သော မနိန္ဒြေသည် ရှိ၏။ ဒေါမနဿိန္ဒြေနှင့် ယှဉ်သော မနိန္ဒြေသည် ရှိ၏။ ဥပေက္ခိန္ဒြေနှင့် ယှဉ်သော မနိန္ဒြေသည် ရှိ၏။

**ဆက္ကနည်း။ ။** ခြောက်ပါးပြားသော နည်းအားဖြင့် မနိန္ဒြေသည် ဖြစ်၏။ မြင်သိစိတ် (စက္ခုဝိညာဏ်) သည် ရှိ၏။ပ။ အထူးသိမှု မနောဝိညာဏ်သည် ရှိ၏။ ဤသို့ ခြောက်ပါးပြားသော နည်းအား ဖြင့် မနိန္ဒြေသည် ဖြစ်၏။

**သတ္တကနည်း။ ။** ခုနစ်ပါးပြားသော နည်းအားဖြင့် မနိန္ဒြေသည် ဖြစ်၏။ မြင်သိစိတ် စက္ခုဝိညာဏ်သည် ရှိ၏။ပ။ ထိသိစိတ် ကာယဝိညာဏ်သည် ရှိ၏။ အာရုံကို သိကာမျှ မနောဓာတ်သည် ရှိ၏။ အထူးသိမှု မနော ဝိညာဏဓါတ်သည် ရှိ၏။ ဤသို့ ခုနစ်ပါးပြားသော နည်းအားဖြင့် မနိန္ဒြေသည် ဖြစ်၏။

**အဋ္ဌကနည်း။ ။** ရှစ်ပါးပြားသော နည်းအားဖြင့် မနိန္ဒြေသည် ဖြစ်၏။ မြင်သိစိတ် စက္ခုဝိညာဏ် သည် ရှိ၏။ပ။ ကိုယ်ချမ်းသာမှု (သုခဝေဒနာ) နှင့်တကွဖြစ်သော ထိသိစိတ် ကာယ ဝိညာဏ်သည် ရှိ၏။ ကိုယ်ဆင်းရဲမှု (ဒုက္ခဝေဒနာ) နှင့်တကွဖြစ်သော ထိသိစိတ် ကာယဝိညာဏ်သည် ရှိ၏။ အာရုံကို သိကာမျှ မနောဓာတ် သည် ရှိ၏။ အထူးသိမှု မနောဝိညာဏဓာတ်သည် ရှိ၏။ ဤသို့ ရှစ်ပါးပြားသော နည်းအားဖြင့် မနိန္ဒြေ သည် ဖြစ်၏။

**နဝကနည်း။ ။** ကိုးပါးပြားသော နည်းအားဖြင့် မနိန္ဒြေသည် ဖြစ်၏။ မြင်သိစိတ် စက္ခုဝိညာဏ် သည် ရှိ၏။ပ။ ထိသိစိတ် ကာယဝိညာဏ်သည် ရှိ၏။ အာရုံကို သိကာမျှ မနောဓာတ်သည် ရှိ၏။ အာရုံကို အထူးသိမှု ကုသိုလ် မနောဝိညာဏဓာတ်သည် ရှိ၏။ အထူးသိမှု အကုသိုလ် မနောဝိညာဏ ဓာတ်သည် ရှိ၏။ အထူးသိမှု အဗျာကတ မနောဝိညာဏဓာတ်သည် ရှိ၏။ ဤသို့ ကိုးပါးပြားသော နည်းအားဖြင့် မနိန္ဒြေ သည် ဖြစ်၏။

**ဒသကနည်း။ ။** ဆယ်ပါးပြားသော နည်းအားဖြင့် မနိန္ဒြေသည် ဖြစ်၏။ မြင်သိစိတ် စက္ခုဝိညာဏ် သည် ရှိ၏။ပ။ ကိုယ်ချမ်းသာမှု သုခဝေဒနာနှင့်တကွဖြစ်သော ထိသိစိတ် ကာယဝိညာဏ် သည် ရှိ၏။ ကိုယ်ဆင်းရဲမှု ဒုက္ခဝေဒနာနှင့်တကွဖြစ်သော ထိသိစိတ် ကာယဝိညာဏ်သည် ရှိ၏။ အာရုံကို သိကာမျှမနောဓာတ်သည် ရှိ၏။ အထူးသိမှု ကုသိုလ်မနောဝိညာဏဓာတ်သည် ရှိ၏။ အထူးသိမှု အကုသိုလ်မနောဝိညာဏ ဓာတ်သည် ရှိ၏။ အထူးသိမှု အဗျာကတမနောဝိညာဏဓာတ်သည် ရှိ၏။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် မနိန္ဒြေသည် ဖြစ်၏။ ၁၀။ ၂ ဤသို့ များသော အပြားအားဖြင့် မနိန္ဒြေသည် ဖြစ်၏။ ဤသဘောကို မနိန္ဒြေဟု ဆိုအပ်၏။

### (၇) ဣတ္ထိန္ဒြေ။ ။

ထိုဣန္ဒြေ ၂၂-ပါးတို့တွင် အဘယ်သည် မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု ဣတ္ထိန္ဒြေ မည်သနည်း။

မိန်းမ၏ အကြင် (အရပ်၊ အမောင်း၊ လက်၊ ခြေစသော) မိန်းမ၏ ပုံသဏ္ဌာန် (ဣတ္ထိလိင်)၊ (မိန်းမဟုသိကြောင်း) မိန်းမအမှတ်အသား (ဣတ္ထိနိမိတ္တ)၊ မိန်းမ၏ အမူအရာ (ဣတ္ထိကုတ္တ)၊ မိန်းမ၏ (သွားပုံလာပုံစသော) အသွင်အပြင် (ဣတ္ထာကပ္ပ)၊ မိန်းမ၏အဖြစ် (ဣတ္ထတ္တ)၊ မိန်းမ၏သဘော (ဣတ္ထိဘာဝ) သည် ရှိ၏။ ဤသို့သဘောရှိသော ရုပ်ကို မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု ဣတ္ထိန္ဒြေ (ဣတ္ထိဘာဝရုပ်) ဟု ဆိုအပ်၏။

### (၈) ပုရိသိန္ဒြေ။ ။

ထိုဣန္ဒြေ ၂၂-ပါးတို့တွင် အဘယ်သည် ယောကျ်ား (အထီး အဖို) ဖြစ်ကြောင်း၌ အစိုးရမှု ပုရိသိန္ဒြေ (ပုရိသဘာဝရုပ်) မည်သနည်း။

ယောကျ်ား၏ အကြင် (အရပ်၊ အမောင်း၊ လက်၊ ခြေစသော) ယောကျ်ား၏ ပုံသဏ္ဌာန် (ပုရိသလိင်)၊ (ယောကျ်ားဟု သိကြောင်း) ယောကျ်ားအမှတ်အသား (ပုရိသနိမိတ္တ)၊ ယောကျ်ား၏ အမူအရာ (ပုရိသကုတ္တ)၊ ယောကျ်ား၏ (သွားပုံလာပုံစသော) အသွင်အပြင် (ပုရိသာကပ္ပ)၊ ယောကျ်ား၏ အဖြစ် (ပုရိသတ္တ)၊ ယောကျ်ား၏ သဘော (ပုရိသဘာဝ) သည် ရှိ၏။ ဤသို့ သဘောရှိသော ရုပ်ကို ယောကျ်ား (အထီးအဖို) ဖြစ်ကြောင်း၌ အစိုးရမှု ပုရိသိန္ဒြေ (ပုရိသဘာဝရုပ်) ဟု ဆိုအပ်၏။

### (၉) ဇီဝိတိန္ဒြေ။ ။

ထိုဣန္ဒြေ ၂၂-ပါးတို့တွင် အဘယ်သည် အသက် ရှည်ကြောင်း၌ အစိုးရမှု ဇီဝိတိန္ဒြေ မည်သနည်း။

အသက်ရှည်ကြောင်း၌ အစိုးရမှု ဇီဝိတိန္ဒြေသည် နှစ်ပါးအပြားအားဖြင့် ဖြစ်၏။ ရုပ်တရားတို့၏ အသက်ရှည်ကြောင်း၌ အစိုးရမှု ရုပ်ဇီဝိတိန္ဒြေသည် ရှိ၏။ နာမ်တရားတို့၏ အသက်ရှည်ကြောင်း၌ အစိုးရမှု နာမ်ဇီဝိတိန္ဒြေသည် ရှိ၏။ ထိုအသက်ရှည်ကြောင်း၌ အစိုးရမှု ဇီဝိတိန္ဒြေနှစ်မျိုးတို့တွင် အဘယ်သည် ရုပ်တရားတို့၏ အသက်ရှည်ကြောင်း၌ အစိုးရမှု ရုပ်ဇီဝိတိန္ဒြေ မည်သနည်း။

ထိုရုပ်တရားတို့၏ အကြင်အသက်- အာယု၊ တည်ကြောင်းသဘော- ဌိတိ၊ (တည်တန့်စွာ) ဖြစ်နေခြင်းသဘော- ယပနာ၊ တည်တန့်စွာ ဖြစ်နေစေခြင်းသဘော- ယာပနာ၊ (တိုးပွါး၍) ဖြစ်နေမှုသဘော- ဣရိယနာ၊ (ဆက်လက်၍) ဖြစ်နေကြောင်းသဘော- ဝတ္တနာ၊ စောင့်ရှောက်ခြင်းသဘော- ပါလနာ၊ အသက်ရှည်ကြောင်းသဘော- ဇီဝိတ၊ အသက်ရှည်ကြောင်း၌ အစိုးရမှု ဇီဝိတိန္ဒြေသည် ရှိ၏။ ဤသို့သဘောရှိသော ရုပ်ကို ရုပ်တရားတို့ အသက်ရှည်ကြောင်း၌ အစိုးရမှု ရုပ်ဇီဝိတိန္ဒြေဟု ဆိုအပ်၏။

ထိုအသက်ရှည်ကြောင်း၌ အစိုးရမှု ဇီဝိတိန္ဒြေနှစ်မျိုးတို့တွင် အဘယ်သည် နာမ်တရားတို့ အသက်ရှည်ကြောင်း၌ အစိုးရမှု နာမ်ဇီဝိတိန္ဒြေ မည်သနည်း။

ထိုနာမ်တရားတို့၏ အကြင်အသက်- အာယု၊ တည်ကြောင်းသဘော- ဌိတိ၊ (တည်တန့်စွာ) ဖြစ်နေခြင်းသဘော- ယပနာ၊ တည်တန့်စွာ ဖြစ်နေစေခြင်းသဘော- ယာပနာ၊ (တိုးပွါး၍) ဖြစ်မှုသဘော- ဣရိယနာ၊ (ဆက်လက်၍) ဖြစ်ကြောင်းသဘော- ဝတ္တနာ၊ စောင့်ရှောက်ခြင်းသဘော-ပါလနာ၊ အသက်ရှည်ကြောင်း သဘော- ဇီဝိတ၊ အသက်ရှည်ကြောင်း၌ အစိုးရမှု ဇီဝိတိန္ဒြေသည် ရှိ၏။ ဤသို့သဘောရှိသော ရုပ်ကို နာမ်တရားတို့ အသက်ရှည်ကြောင်း၌ အစိုးရမှု နာမ်ဇီဝိတိန္ဒြေဟုဆိုအပ်၏။

ထိုရုပ်ဇီဝိတိန္ဒြေ နာမ်ဇီဝိတိန္ဒြေ ၂-မျိုးလုံးကို အသက်ရှည်ကြောင်း၌ အစိုးရသည့် ဇီဝိတိန္ဒြေဟု ဆိုအပ်၏။

### (၁၀) သုခိန္ဒြေ။ ။

ထိုဣန္ဒြေ ၂၂-ပါးတို့တွင် အဘယ်သည် ချမ်းသာခံစားမှု၌ အစိုးရသည့် သုခိန္ဒြေ မည်သနည်း။

အကြင်ကိုယ်၌ မှီသော သာယာမှု (ကာယိကသာတ)၊ ကိုယ်၌ မှီသော ချမ်းသာမှု (ကာယိကသုခ)၊ ကိုယ်၌ တွေ့ထိမှု ကြောင့်ဖြစ်သော သာယာဖွယ်ကို ခံစားမှု ချမ်းသာခံစားမှု (ဝေဒယိတ)၊ ကိုယ်၌ တွေ့ထိမှု ကြောင့်ဖြစ်သော သာယာဖွယ်ကို ခံစားမှု ချမ်းသာဖွယ်ကို ခံစားမှု (ဝေဒနာ) သည် ရှိ၏။ ဤသို့သဘောရှိသော ဝေဒနာကို ချမ်းသာခံစားမှု၌ အစိုးရသည့် သုခိန္ဒြေဟု ဆိုအပ်၏။

### (၁၁) ဒုက္ခိန္ဒြေ။ ။

ထိုဣန္ဒြေ ၂၂-ပါးတို့တွင် အဘယ်သည် ဆင်းရဲခံစားမှု၌ အစိုးရသည့် ဒုက္ခိန္ဒြေ မည်သနည်း။

အကြင် ကိုယ်၌ မှီသော မသာယာမှု (ကာယိကအသာတ)၊ ကိုယ်၌ မှီသော ဆင်းရဲမှု (ကာယိကဒုက္ခ)၊ ကိုယ်၌ တွေ့ထိမှု ကြောင့်ဖြစ်သော မသာယာဖွယ်ကို ခံစားမှု ဆင်းရဲခံစားမှု (ဝေဒယိတ)၊ ကိုယ်၌ တွေ့ထိမှု ကြောင့် ဖြစ်သော မသာယာဖွယ်ကို ခံစားမှု ဆင်းရဲခံစားမှု (ဝေဒနာ) သည် ရှိ၏။ ဤသို့သဘောရှိသော ဝေဒနာကို ဆင်းရဲခံစားမှု၌ အစိုးရမှု ဒုက္ခိန္ဒြေဟု ဆိုအပ်၏။

### (၁၂) သောမနဿိန္ဒြေ။ ။

ထိုဣန္ဒြေ ၂၂-ပါးတို့တွင် အဘယ်သည် စိတ်ချမ်းသာမှု၌ အစိုးရသည့် သောမနဿိန္ဒြေ မည်သနည်း။

အကြင် စိတ်၌ မှီသော သာယာမှု (စေတသိကသာတ)၊ စိတ်၌ မှီသော ချမ်းသာမှု (စေတသိကသုခ)၊ စိတ်၏ ကောင်းစွာတွေ့ထိမှု ကြောင့်ဖြစ်သော သာယာဖွယ်ကို ခံစားမှု ချမ်းသာဖွယ်ကို ခံစားမှု (ဝေဒယိတ)၊ စိတ်၏ ကောင်းစွာ တွေ့ထိမှု ကြောင့်ဖြစ်သော သာယာဖွယ်ကို ခံစားမှု ချမ်းသာဖွယ်ကို ခံစားမှု (ဝေဒနာ) သည် ရှိ၏။ ဤသို့သဘောရှိသော ဝေဒနာကို စိတ်ချမ်းသာမှု၌ အစိုးရသည့် သောမနဿိန္ဒြေ ဟု ဆိုအပ်၏။

**(၁၃) ဒေါမနဿိန္ဒြေ။** ။ ထိုဣန္ဒြေ ၂၂-ပါးတို့တွင် အဘယ်သည် စိတ်ဆင်းရဲမှု၌ အစိုးရသည့် ဒေါမနဿိန္ဒြေ မည်သနည်း။

အကြင်စိတ်၌ မှီသော မသာယာမှု (စေတသိကအသာတ)၊ စိတ်၌ မှီသော မချမ်းသာမှု (စေတသိကဒုက္ခ)၊ စိတ်၏ တွေ့ထိမှု ကြောင့်ဖြစ်သော မသာယာဖွယ်ကို ခံစားမှု ဆင်းရဲခံစားမှု (ဝေဒယိတ)၊ စိတ်၏တွေ့ထိမှု ကြောင့်ဖြစ်သော မသာယာဖွယ်ကို ခံစားမှု ဆင်းရဲခံစားမှု (ဝေဒနာ) သည် ရှိ၏။ ဤသို့သဘောရှိသော ဝေဒနာကို စိတ်ဆင်းရဲမှု၌ အစိုးရမှု ဒေါမနဿိန္ဒြေဟု ဆိုအပ်၏။

**(၁၄) ဥပေက္ခိန္ဒြေ။** ။ ထိုဣန္ဒြေ ၂၂-ပါးတို့တွင် အဘယ်သည် ဆင်းရဲချမ်းသာမဟုတ်သော ခံစားမှု၌ အစိုးရသည့် ဥပေက္ခိန္ဒြေ မည်သနည်း။

အကြင် စိတ်၌ မှီသော သာယာမှု လည်းမဟုတ် မသာယာမှု လည်းမဟုတ်သော (နေဝသာတ နာသာတ)၊ စိတ်၏ တွေ့ထိမှု ကြောင့်ဖြစ်သော ဆင်းရဲချမ်းသာမဟုတ်သော ခံစားမှု (ဝေဒယိတ)၊ စိတ်၏တွေ့ထိမှု ကြောင့် ဖြစ်သော ဆင်းရဲချမ်းသာမဟုတ်သော ခံစားမှု (ဝေဒနာ) သည် ရှိ၏။ ဤသို့သဘောရှိသော ဝေဒနာကို ဆင်းရဲ ချမ်းသာမဟုတ်သော ခံစားမှု၌ အစိုးရသည့် ဥပေက္ခိန္ဒြေဟု ဆိုအပ်၏။

**(၁၅) သဒ္ဓိန္ဒြေ။** ။ ထိုဣန္ဒြေ ၂၂-ပါးတို့တွင် အဘယ်သည် ယုံကြည်မှု၌ အစိုးရသည့် သဒ္ဓိန္ဒြေ မည်သနည်း။

အကြင် ယုံကြည်မှု (သဒ္ဓါ)၊ ယုံကြည်မှု အခြင်းအရာ (သဒ္ဒဟနာ)၊ သက်ဝင်ပုံအခြင်းအရာ (ဩကပ္ပနာ)၊ အလွန်ကြည်လင်မှု (အဘိပ္ပသာဒ)၊ ယုံကြည်မှု (သဒ္ဓါ)၊ ယုံကြည်မှု၌ အစိုးရမှု (သဒ္ဓိန္ဒြေ)၊ မတုန်မလှုပ်ယုံကြည်မှု (သဒ္ဓါဗိုလ်) သည် ရှိ၏။ ဤသို့သဘောရှိသော ယုံကြည်မှုကို ယုံကြည်မှု၌ အစိုးရသည့်သဒ္ဓိန္ဒြေဟု ဆိုအပ်၏။

**(၁၆) ဝီရိယိန္ဒြေ။** ။ ထိုဣန္ဒြေ ၂၂-ပါးတို့တွင် အဘယ်သည် အားထုတ်မှု၌ အစိုးရသည့် ဝီရိယိန္ဒြေ မည်သနည်း။

အကြင်စိတ်၌ မှီသော ကြိုးစားအားထုတ်မှု (ဝီရိယာရမ္ဘ)၊ ပျင်းရိခြင်းမှ ထွက်မြောက်မှု (နိက္ကမ)၊ အဆင့်ဆင့်တိုးတက်အားထုတ်မှု (ပရက္ကမ)၊ အထက်ရောက်အောင်ကြိုးပမ်းမှု (ဥယျာမ)၊ လုံ့လစိုက်မှု (ဝါယာမ)၊ ဆင်းရဲကို သည်းခံမှု (ဥဿာဟ)၊ ပြင်းပြင်းထန်ထန်ကြိုးစားမှု (ဥဿောဠှီ)၊ ခိုင်မြဲမှု (ထာမ)၊ ဆောင်ထားမှု (ဓိတိ)၊ မလျော့သောအားထုတ်မှု ရှိခြင်း (အသိထိလပရက္ကမတာ)၊ မချအပ်သောအလိုဆန္ဒရှိခြင်း (အနိက္ခိတ္တဆန္ဒတာ)၊ မချအပ်သော တာဝန်ရှိခြင်း (အနိက္ခိတ္တဓုရတာ)၊ တာဝန်ကိုကောင်းစွာ ထမ်းဆောင်မှု (ဓုရသမ္ပဂ္ဂါဟ)၊ ရဲရင့်သူတို့၏ အဖြစ် (ဝီရိယ)၊ အားထုတ်မှု၌ အစိုးရမှု (ဝီရိယိန္ဒြေ)၊ မတုန်မလှုပ် အားထုတ်မှု (ဝီရိယဗိုလ်)၊ ကောင်းစွာအားထုတ်မှု (သမ္မာဝါယမ) သည် ရှိ၏။ ဤသို့သဘောရှိသောအားထုတ်မှုကို အားထုတ်မှု၌ အစိုးရသည့် ဝီရိယိန္ဒြေဟု ဆိုအပ်၏။

**(၁၇) သတိန္ဒြေ။** ။ ထိုဣန္ဒြေ ၂၂-ပါးတို့တွင် အဘယ်သည် အောက်မေ့မှု၌ အစိုးရသည့် သတိန္ဒြေ မည်သနည်း။

အကြင်အောက်မေ့မှု (သတိ)၊ အဖန်ဖန်အောက်မေ့မှု (အနုဿတိ)၊ တစ်ဖန်အောက်မေ့မှု (ပဋိဿတိ)၊ သတိဟူသော အောက်မေ့ပုံအခြင်းအရာ (သတိသရဏတာ)၊ ဆောင်ပုံအခြင်းအရာ (ဓာရဏတာ)၊ ကုသိုလ်တရားတို့ကို ပေါ်စေသောအခြင်းအရာ (အပိလာပနတာ)၊ မမေ့ပျောက်မှု (အသမ္မုဿနတာ)၊ အောက်မေ့မှု (သတိ)၊ အောက်မေ့မှု၌ အစိုးရမှု (သတိန္ဒြေ)၊ မတုန်မလှုပ် အောက်မေ့မှု (သတိဗိုလ်)၊ ကောင်းစွာ အောက်မေ့မှု (သမ္မာသတိ) သည် ရှိ၏။ ဤသို့သဘောရှိသော အောက်မေ့မှုကို အောက်မေ့မှု၌ အစိုးရသည့် သတိန္ဒြေဟု ဆိုအပ်၏။

**(၁၈) သမာဓိန္ဒြေ။** ။ ထိုဣန္ဒြေ ၂၂-ပါးတို့တွင် အဘယ်သည် တည်ကြည်မှု၌ အစိုးရသည့် (ဧကဂ္ဂတာစေတသိက်) သမာဓိန္ဒြေ မည်သနည်း။

အကြင် စိတ်၏တည်မှု (ဌိတိ)၊ ကောင်းစွာတည်မှု (သဏ္ဌိတိ)၊ သက်ဝင်၍တည်မှု (အဝဋ္ဌိတိ)၊ မရွေ့ရှားမှု (အဝိသာဟာရ)၊ မပျံ့လွင့်မှု (အဝိက္ခေပ)၊ မရွေ့ရှားသော စိတ်ရှိသူ၏အဖြစ် (အဝိသာဟဋမာနသတာ)၊ ငြိမ်သက်မှု (သမထ)၊ တည်ကြည်မှု၌ အစိုးရမှု (သမာဓိန္ဒြေ)၊ မတုန်မလှုပ် တည်ကြည်မှု (သမာဓိဗိုလ်)၊ ကောင်းစွာ တည်ကြည်မှု (သမ္မာသမာဓိ) သည် ရှိ၏။ ဤသို့သဘောရှိသော တည်ကြည်မှုကို တည်ကြည်မှု၌ အစိုးရသည့် သမာဓိန္ဒြေဟု ဆိုအပ်၏။

**(၁၉) ပညိန္ဒြေ။** ။ ထိုဣန္ဒြေ ၂၂-ပါးတို့တွင် အဘယ်သည် အပြားအားဖြင့် သိမှု၌ အစိုးရသည့် ပညိန္ဒြေ မည်သနည်း။

အကြင်အပြားအားဖြင့် သိမှု (ပညာ) ၊ အပြားအားဖြင့်သိသော အခြင်းအရာ (ပဇာနနာ)။ပ။ မတွေဝေမှု (အမောဟ)၊ သစ္စာလေးပါးတရားတို့ကို စိစစ်ခြင်းသဘော (ဓမ္မဝိစယ)၊ ကောင်းစွာ သိမြင်ခြင်း (သမ္မာဒိဋ္ဌိ) သည် ရှိ၏။ ဤသို့သဘောရှိသော သိမှုကို အပြားအားဖြင့် သိမှု၌ အစိုးရသည့် ပညိန္ဒြေဟု ဆိုအပ်၏။

**(၂၀) အနညာတညဿာမီတိန္ဒြေ။** ။ ထိုဣန္ဒြေ ၂၂-ပါးတို့တွင် အဘယ်သည် မသိဖူးသေးသည့် သစ္စာတရားတို့ကို ထိုးထွင်းသိမှု၌ အစိုးရသည့် (သောတာပတ္တိမဂ္ဂပညာ) အနညာတညဿာမီတိန္ဒြေ မည်သနည်း။

မသိအပ်ကုန်, မမြင်အပ်ကုန်, မရောက်အပ်ကုန်, မထင်ရှားကုန်, မျက်မှောက်မပြုအပ်ကုန်သေးသောထိုတရားတို့ကို မျက်မှောက်ပြုခြင်းငှါ အကြင်အပြားအားဖြင့် သိမှု (ပညာ)၊ အပြားအားဖြင့် သိသော အခြင်းအရာ (ပဇာနနာ)။ပ။ မတွေဝေမှု (အမောဟ)၊ သစ္စာလေးပါးတရားတို့ကို စိစစ်မှု (ဓမ္မဝိစယ)၊ ကောင်းစွာ သိမြင်ခြင်း (သမ္မာဒိဋ္ဌိ)၊ မဂ်၏ အစိတ်အပိုင်းအင်္ဂါ (မဂ္ဂင်) ဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ ကောင်းစွာသိမှု မဂ်ဉာဏ်၏ အစိတ်အပိုင်းအင်္ဂါဖြစ်သော သစ္စာလေးပါးတရားတို့ကို စိစစ်မှု (ဓမ္မဝိစယသမ္ဗောဇ္ဈင်) သည် ရှိ၏။ ဤသို့သဘောရှိသော သိမှုကို မသိဖူးသေးသည့် သစ္စာတရားတို့ကို ထိုးထွင်းသိမှု၌ အစိုးရသည့် အနညာတညဿာမီတိန္ဒြေဟု ဆိုအပ်၏။

**(၂၁) အညိန္ဒြေ။** ။ ထိုဣန္ဒြေ ၂၂-ပါးတို့တွင် အဘယ်သည် သိပြီးသော သစ္စာတရားတို့ကို ထပ်၍ သိမှု၌ အစိုးရသည့် (အလယ်လောကုတ္တရာပညာ ၆-ပါး) အညိန္ဒြေ မည်သနည်း။

သိအပ်ကုန်, မြင်အပ်ကုန်, ရောက်အပ်ကုန်, ထင်ရှားအပ်ကုန်, မျက်မှောက်ပြုအပ်ကုန်သော ထိုတရားတို့ကို မျက်မှောက်ပြုခြင်းငှါ အကြင်အပြားအားဖြင့် သိမှု (ပညာ)၊ အပြားအားဖြင့် သိသော အခြင်းအရာ (ပဇာနနာ)။ပ။ မတွေဝေမှု (အမောဟ)၊ သစ္စာလေးပါးတရားတို့ကို စိစစ်မှု (ဓမ္မဝိစယ)၊ ကောင်းစွာ သိမြင်ခြင်း (သမ္မာဒိဋ္ဌိ)၊ မဂ်၏ အစိတ်အပိုင်းအင်္ဂါ (မဂ္ဂင်) ဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ ကောင်းစွာသိမှု မဂ်ဉာဏ်၏ အစိတ်အပိုင်းအင်္ဂါဖြစ်သော သစ္စာလေးပါးတရားတို့ကို စိစစ်မှု (ဓမ္မဝိစယသမ္ဗောဇ္ဈင်) သည် ရှိ၏။ ဤသို့သဘောရှိသော သိမှုကို သိပြီးသော သစ္စာတရားတို့ကို ထပ်၍ သိမှု၌ အစိုးရသည့် (အလယ်လောကုတ္တရာပညာ ၆-ပါး) အညိန္ဒြေဟု ဆိုအပ်၏။

**(၂၂) အညာတာဝိန္ဒြေ။** ။ ထိုဣန္ဒြေ ၂၂-ပါးတို့တွင် အဘယ်သည် ရဟန္တာပုဂ္ဂိုလ်၏ သိမှု၌ အစိုးရသည် (အရဟတ္တဖိုလ်ပညာ) အညာတာဝိန္ဒြေ မည်သနည်း။

သိအပ်ပြီးကုန်, မြင်အပ်ပြီးကုန်, ရောက်အပ်ပြီးကုန်, ထင်ရှားအပ်ပြီးကုန်, မျက်မှောက်ပြုအပ်ပြီးကုန်သော ထိုတရားတို့ကို မျက်မှောက်ပြုခြင်းငှာ အကြင်အပြားအားဖြင့် သိသောအခြင်းအရာ (ပဇာနနာ) ။ပ။ မတွေဝေမှု- (အမောဟ)၊ သစ္စာလေးပါးတရားတို့ကို စိစစ်မှု (ဓမ္မဝိစယ)၊ ကောင်းစွာ သိမြင်ခြင်း (သမ္မာဒိဋ္ဌိ)၊ မဂ်၏ အစိတ်အပိုင်းအင်္ဂါ (မဂ္ဂင်) ဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ ကောင်းစွာသိမှု မဂ်ဉာဏ်၏ အစိတ်အပိုင်းအင်္ဂါ ဖြစ်သော သစ္စာလေးပါးတရားတို့ကို စိစစ်မှု (ဓမ္မဝိစယသမ္ဗောဇ္ဈင်) သည် ရှိ၏။ ဤသို့သဘောရှိသော သိမှုကို ရဟန္တာပုဂ္ဂိုလ်၏ သိမှု၌ အစိုးရသည့် (အရဟတ္တဖိုလ်ပညာ) အညာတာ ဝိန္ဒြေဟု ဆိုအပ်၏။

**အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောကြားသော အဘိဓမ္မဘာဇနီယနည်း ပြီး၏။**

------

၁။ ဝိဘင်းမြန်မာပြန် ပထမအုပ်-နှာ- ၂၄၉-မှ ၂၅၃ (စာပိုဒ်-၁၅၆-၁၆၀) အထိ စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှါယတန ကာယာယတန အဖွင့်များကို မှီး၍ ပေယျာလဖော်ပါ။

၂။ ဤမနိန္ဒြေအဖွင့်၌- ဒုကမူလကနည်း၊ တိကမူလကနည်း၊ ဉဘတောဝဍ္ဎကနည်း၊ သတ္တကနည်း၊ စတုဝီသတိဝိနည်း၊ တိံသဝိနည်း၊ ဗဟုဝိနည်းတို့ကို ပေယျာလ မြှုပ်ထားသည်။ ဝိဘင်းမြန်မာပြန် ပဌမတွဲ မူရင်းကျမ်း စာမျက်နှာ ၁၈၇-မှ ၂၁၅ ဝိညာဏက္ခန္ဓာအဖွင့်ကို ကြည့်၍ ပေယျာလ ဖော်ပါ။

# ဣန္ဒြိယဝိဘင်္ဂ

## ၂ - ပဉှာပုစ္ဆက

## (အမေးအဖြေပြု၍ ဟောကြားသော ပဉှာပုစ္ဆကနည်း)

## ဣန္ဒြေ ၂၂-ပါး

၂၂၀။ ရုပ်နာမ်တရားတို့ကို အစိုးရသည့် ဣန္ဒြေ ၂၂-ပါးတို့ကား-

(၁) မြင်မှု၌ အစိုးရသည့် မျက်စိအကြည် (စက္ခုပသာဒ) စက္ခုန္ဒြေ၊

(၂) ကြားမှု၌ အစိုးရသည့် နားအကြည် (သောတပသာဒ) သောတိန္ဒြေ၊

(၃) နံမှု၌ အစိုးရသည့် နှာခေါင်းအကြည် (ဃာနပသာဒ) ဃာနိန္ဒြေ၊

(၄) လျက်မှု၌ အစိုးရသည့် လျှာအကြည် (ဇိဝှါပသာဒ) ဇိဝှိန္ဒြေ၊

(၅) ထိမှု၌ အစိုးရသည့် ကိုယ်အကြည် (ကာယပသာဒ) ကာယိန္ဒြေ၊

(၆) သိမှု၌ အစိုးရသည့် (စိတ် ၈၉-ခု) မနိန္ဒြေ၊

(၇) မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရသည့် (ဣတ္ထိဘာဝရုပ်) ဣတ္ထိန္ဒြေ၊

(၈) ယောကျ်ား (အထီး အဖို) ဖြစ်ကြောင်း၌ အစိုးရသည့် (ပုမ္ဘာဝရုပ်) ပုရိသိန္ဒြေ၊

(၉) ရုပ်နာမ်နှစ်ပါး အသက်ရှင်မှု၌ အစိုးရသည့် (ရုပ်ဇီဝိတ-နာမ်ဇီဝိတ) ဇီဝိတိန္ဒြေ၊

(၁၀) ကိုယ်ချမ်းသာခံစားမှု၌ အစိုးရသည့် (သုခဝေဒနာ) သုခိန္ဒြေ၊

(၁၁) ကိုယ်ဆင်းရဲခံစားမှု၌ အစိုးရသည့် (ဒုက္ခဝေဒနာ) ဒုက္ခိန္ဒြေ၊

(၁၂) စိတ်ချမ်းသာမှု၌ အစိုးရသည့် (သောမနဿဝေဒနာ) သောမနဿိန္ဒြေ၊

(၁၃) စိတ်ဆင်းရဲမှု၌ အစိုးရသည့် (ဒေါမနဿဝေဒနာ) ဒေါမနဿိန္ဒြေ၊

(၁၄) ဆင်းရဲချမ်းသာမဟုတ်သည့် ခံစားမှု၌ အစိုးရသည့် (ဥပေက္ခာဝေဒနာ) ဥပေက္ခိန္ဒြေ၊

(၁၅) ယုံကြည်မှု၌ အစိုးရသည့် (သဒ္ဓါစေတသိက်) သဒ္ဓိန္ဒြေ၊

(၁၆) ကြိုးစားမှု၌ အစိုးရသည့် (ဝီရိယစေတသိက်) ဝီရိယိန္ဒြေ၊

(၁၇) အောက်မေ့မှု၌ အစိုးရသည့် (သတိစေတသိက်) သတိန္ဒြေ၊

(၁၈) တည်ကြည်မှု၌ အစိုးရသည့် (ဧကဂ္ဂတာစေတသိက်) သမာဓိန္ဒြေ၊

(၁၉) ခွဲခြမ်းဝေဖန်၍ သိမှု၌ အစိုးရသည့် (လောကီပညာစေတသိက်) ပညိန္ဒြေ၊

(၂၀) မသိဖူးသေးသည့် သစ္စာတရားတို့ကို ထိုးထွင်းသိမှု၌ အစိုးရသည့် (သောတာပတ္တိမဂ္ဂ ပညာ) အနညာတညဿာမီတိန္ဒြေ၊

(၂၁) သိပြီးသော သစ္စာတရားတို့ကို ထပ်၍ သိမှု၌ အစိုးရသည့် (အလယ်လောကုတ္တရာ ပညာ ခြောက်ပါး) အညိန္ဒြေ၊

(၂၂) ရဟန္တာပုဂ္ဂိုလ်တို့၏ သိမှုကို အစိုးရသည့် (အရဟတ္တဖိုလ်ပညာ) အညာတာဝိန္ဒြေ တို့တည်း။

# ဣန္ဒြိယဝိဘင်

## ဣန္ဒြေ ၂၂-ပါးတို့ကို တိက်ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း

## ၁ - တိက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

**(၁) ကုသလတိက် အမေးပုစ္ဆာ**

၂၂၂။ ။ဣန္ဒြေ ၂၂-ပါးတို့တွင် အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော ကုသိုလ်ဣန္ဒြေတို့သည် အဘယ်မျှ ရှိကုန်သနည်း။ အပြစ်နှင့်တကွ ဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော အကုသိုလ် ဣန္ဒြေတို့သည် အဘယ်မျှ ရှိကုန်သနည်း။ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော အဗျာကတဣန္ဒြေတို့သည် အဘယ်မျှ ရှိကုန်သနည်း။ပ။

(တိက်အမှတ် ၂-မှ ၂၁-အထိ ပေယျာလချန်ထားသည်)။

## ၂ - ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

(ဒုက်အမှတ် ၁-မှ ၉၉-အထိ ပေယျာလချန်ထားသည်)

**(၁၀၀) သရဏဒုက်အမေးပုစ္ဆာ။ ။**

ငိုကြွေးကြောင်း ရာဂစသော (ကိလေသာ) ရှိသော သရဏဣန္ဒြေတို့သည် အဘယ်မျှ ရှိကုန်သနည်း။ ငိုကြွေးကြောင်း ရာဂစသော (ကိလေသာ) မရှိသော အရဏဣန္ဒြေတို့သည် အဘယ်မျှ ရှိကုန်သနည်း။

# ဣန္ဒြိယဝိဘင်္ဂ

## ဣန္ဒြေ ၂၂-ပါးတို့ကို တိက် ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

## ၁ - ဣန္ဒြေ ၂၂-ပါးတို့ကို တိက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

### (၁) ကုသလတိက် အဖြေဝိသဇ္ဇနာ

၂၂၃။ ။ အစိုးရသည့် ဣန္ဒြေဆယ်ပါး (ရုပ်ဣန္ဒြေ-၇၊ နာမ်ဣန္ဒြေသုခ, ဒုက္ခ, အညာတာဝိန္ဒြေ-၃) တို့သည် ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော အဗျာကတ ဖြစ်ကုန်၏။ စိတ်ဆင်းရဲမှု၌ အစိုးရသည့် ဒေါမနဿိန္ဒြေသည် အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော အကုသိုလ် ဖြစ်၏။ မသိအပ်သေးသော သစ္စာတရားတို့ကို သိမှု၌ အစိုးရသည့် (သောတာပတ္တိမဂ်ပညာ) အနညာတညဿာမီတိန္ဒြေသည် အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော ကုသိုလ်ဖြစ်၏။ အစိုးရသည့် ဣန္ဒြေလေးပါး (သဒ္ဓါ, သတိ, ပညာ, အညိန္ဒြေ) တို့သည် အချို့ အပြစ်မရှိမူ၍ ကောင်းကျိုး ချမ်းသာကို ပေးတတ်သော ကုသိုလ်ဖြစ်ကုန်၏။ အချို့ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော အဗျာကတ ဖြစ်ကုန်၏။ အစိုးရသည့် ဣန္ဒြေခြောက်ပါး (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့သည် အချို့ အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော ကုသိုလ် ဖြစ်ကုန်၏။ အချို့ အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော အကုသိုလ် ဖြစ်ကုန်၏။ အချို့ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောကြား အပ်သော အဗျာကတ ဖြစ်ကုန်၏။

### (၂) ဝေဒနာတိက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ဣန္ဒြေ (ဝေဒနိန္ဒြေ ၅, ရုပ်ဣန္ဒြေ ၇) တစ်ဆယ့်နှစ်ပါးတို့ကို သုခဝေဒနာနှင့် ယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ အဒုက္ခမသုခဝေဒနာ နှင့် ယှဉ်ကုန်၏ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ အစိုးရသည့် ဣန္ဒြေ (သဒ္ဓါ, သတိ ၂၊ ပညာဣန္ဒြေ ၄) ခြောက်ပါးတို့သည် အချို့ သုခဝေဒနာနှင့် ယှဉ်ကုန်၏။ အချို့ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်ကုန်၏။ အစိုးရသည့် ဣန္ဒြေ (မန, ဝီရိယ, သမာဓိ) သုံးပါးတို့သည် အချို့ သုခဝေဒနာနှင့် ယှဉ်ကုန်၏။ အချို့ ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်၏။ အချို့ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်ကုန်၏။ နာမ်တရားတို့ အသက်ရှင်မှု၌ အစိုးရသည့် နာမ်ဇီဝိတိန္ဒြေသည် အချို့ သုခဝေဒနာနှင့် ယှဉ်၏။ အချို့ ဒုက္ခဝေဒနာနှင့် ယှဉ်၏။ အချို့ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်၏။ ရုပ်တရားတို့ အသက်ရှင်မှု၌ အစိုးရသည့် ရုပ်ဇီဝိတိန္ဒြေကို သုခ ဝေဒနာနှင့် ယှဉ်၏ဟူ၍ လည်းကောင်း၊ ဒုက္ခဝေဒနာနှင့် ယှဉ်၏ဟူ၍ လည်းကောင်း၊ အဒုက္ခမသုခ ဝေဒနာနှင့် ယှဉ်၏ဟူ၍ လည်းကောင်း မဆိုအပ်။

### (၃) ဝိပါကတိက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် (စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဣတ္ထိဘာဝ, ပုရိသဘာဝ) ဣန္ဒြေခုနစ်ပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်းမဟုတ် အကျိုးကို ဖြစ်စေတတ်သော တရားလည်း မဟုတ်ကုန် (နေဝဝိပါက နဝိပါက ဓမ္မဓမ္မာ)။ အစိုးရသည့် ဣန္ဒြေ (သုခ, ဒုက္ခ, အညာတာ ဝိန္ဒြေ) သုံးပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်၏ (ဝိပါကဓမ္မာ)။ အစိုးရသည့် ဣန္ဒြေ (ဒေါမနဿနှင့် အနညာတာ) နှစ်ပါးတို့သည် အကျိုးကို ဖြစ်စေတတ်သော တရားဖြစ်ကုန်၏ (ဝိပါက ဓမ္မဓမ္မာ)။ သိပြီးသော သစ္စာတရားတို့ကို ထပ်၍ သိမှု၌ အစိုးရသည့် အညိန္ဒြေသည် အချို့ ကုသိုလ်တို့၏ အကျိုးဖြစ်၏ (ဝိပါကဓမ္မ)၊ အချို့ အကျိုးကို ဖြစ်စေတတ်သော တရားဖြစ်၏ (ဝိပါကဓမ္မဓမ္မာ)။ အစိုးရ

သည့် ဣန္ဒြေ (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ) ကိုးပါးတို့သည် အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်၏ (ဝိပါကဓမ္မ)၊ အချို့ အကျိုးကို ဖြစ်စေတတ်သော တရား ဖြစ်ကုန်၏ (ဝိပါကဓမ္မဓမ္မာ)၊ အချို့ ကုသိုလ်အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်မူ၍ အကျိုးကို ဖြစ်စေတတ်သော တရားလည်း မဟုတ်ကုန် (နေဝဝိပါက န ဝိပါကဓမ္မဓမ္မာ)။

## (၄) ဥပါဒိန္နတိက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့်ဣန္ဒြေ (ရုပ်သက်သက်ဣန္ဒြေ-၇၊ သုခ, ဒုက္ခ-၂) ကိုးပါးတို့သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်ကုန်၍ ဥပါဒါန်တို့၏ အာရုံ ဖြစ်ကုန်၏။ နှလုံးမသာယာမှု၌ အစိုးရသည့် ဒေါမနဿိန္ဒြေသည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန်မူ၍ ဥပါဒါန်တို့၏ အာရုံသာဖြစ်၏။ အစိုးရသည့် လောကုတ္တရာဣန္ဒြေ သုံးပါးတို့သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန်မူ၍ ဥပါဒါန်တို့၏ အာရုံ မဖြစ်ကုန်။ အစိုးရသည့် ဣန္ဒြေ (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ) ကိုးပါးတို့သည် အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်ကုန်၍ ဥပါဒါန်တို့၏ အာရုံဖြစ်ကုန်၏။ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန်မူ၍ ဥပါဒါန်တို့၏ အာရုံသာ ဖြစ်ကုန်၏။ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန်မူ၍ ဥပါဒါန်တို့၏ အာရုံ မဖြစ်ကုန်။

## (၅) သံကိလိဋ္ဌတိက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့်ဣန္ဒြေ (ရုပ်သက်သက်ဣန္ဒြေ-၇၊ သုခ, ဒုက္ခ-၂) ကိုးပါးတို့သည် ကိလေသာတို့သည် မပူပန်စေအပ်မူ၍ ကိလေသာတို့၏ အာရုံ ဖြစ်ကုန်၏။ နှလုံးမသာယာမှု၌ အစိုးရသည့် ဒေါမနဿိန္ဒြေသည် ကိလေသာတို့သည် ပူပန်စေအပ်၍ ကိလေသာတို့၏ အာရုံဖြစ်၏။ အစိုးရသည့် ဣန္ဒြေ (လောကုတ္တရာဣန္ဒြေ) သုံးပါးတို့သည် ကိလေသာတို့သည် မပူပန်စေအပ်မူ၍ ကိလေသာတို့၏ အာရုံ မဖြစ်ကုန်။ အစိုးရသည့် ဣန္ဒြေ (သဒ္ဓါ, သတိ, ပညာ) သုံးပါးတို့သည် အချို့ ကိလေသာတို့သည် မပူပန်စေအပ်မူ၍ ကိလေသာတို့၏ အာရုံ ဖြစ်ကုန်၏။ အချို့ ကိလေသာတို့သည် မပူပန်စေအပ်မူ၍ ကိလေသာတို့၏ အာရုံ မဖြစ်ကုန်။ အစိုးရသည့် ဣန္ဒြေ (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) ခြောက်ပါးတို့သည် အချို့ ကိလေသာတို့သည် ပူပန်စေအပ်၍ ကိလေသာတို့၏ အာရုံ ဖြစ်ကုန်၏။ အချို့ ကိလေသာတို့သည် မပူပန်စေအပ်မူ၍ ကိလေသာတို့၏ အာရုံ ဖြစ်ကုန်၏။ အချို့ ကိလေသာတို့သည် မပူပန်စေအပ်မူ၍ ကိလေသာတို့၏ အာရုံ မဖြစ်ကုန်။

## (၆) ဝိတက်တိက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့်ဣန္ဒြေ (ရုပ်သက်သက်ဣန္ဒြေ-၇၊ သုခ, ဒုက္ခ-၂) ကိုးပါးတို့သည် ဝိတက်လည်း မရှိ၊ ဝိစာရလည်း မရှိကုန်။ စိတ်ဆင်းရဲမှု၌ အစိုးရသည့် ဒေါမနဿိန္ဒြေသည် ဝိတက်လည်း ရှိ၊ ဝိစာရလည်း ရှိ၏။ ဆင်းရဲချမ်းသာ မဟုတ်သည့် ခံစားမှု၌ အစိုးရသည့် ဥပေက္ခိန္ဒြေသည် အချို့ ဝိတက်လည်း ရှိ၊ ဝိစာရလည်း ရှိ၏။ အချို့ ဝိတက်လည်း မရှိ၊ ဝိစာရလည်း မရှိ။ အစိုးရသည့် ဣန္ဒြေ (မန, ဇီဝိတ, သောမနဿ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ ဣန္ဒြေ-၄) တစ်ဆယ့်တစ်ပါးတို့သည် အချို့ ဝိတက်လည်း ရှိ၊ ဝိစာရလည်း ရှိကုန်၏။ အချို့ ဝိတက် ကား မရှိ၊ ဝိစာရမျှသာ ရှိကုန်၏။ အချို့ ဝိတက်လည်း မရှိ၊ ဝိစာရလည်း မရှိကုန်။

## (၇) ပီတိတိက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် က္ခန္ဓ (ရုပ်က္ခန္ဓ-၇၊ သောမနဿိန္ဒြေမှတစ်ပါး ဝေဒနိန္ဒြေ-၄) တစ်ဆယ့်တစ်ပါးတို့ကို ပီတိနှင့်တကွ ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ စိတ်ချမ်းသာမှု၌ အစိုးရသည့် အချို့ သောမနဿိန္ဒြေသည် ပီတိနှင့်တကွ ဖြစ်၏။ သုခဝေဒနာနှင့်တကွ မဖြစ်၊ ဥပေက္ခာဝေဒနာနှင့် လည်းတကွ မဖြစ်၊ အချို့ သောမနဿိန္ဒြေကို ပီတိနှင့်တကွ ဖြစ်၏ဟု မဆိုအပ်။ အစိုးရသည့် က္ခန္ဓ (မန, ဇီဝိတ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ) ခြောက်ပါးတို့သည် အချို့ ပီတိနှင့်တကွ ဖြစ်ကုန်၏။ အချို့ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ အချို့ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏။**၁ အစိုးရသည့် ပညာ တရား ကိုယ်ရသော က္ခန္ဓေလေးပါးတို့သည် အချို့ ပီတိနှင့်တကွ ဖြစ်ကုန်၏။ အချို့ သုခဝေဒနာနှင့် တကွ ဖြစ်ကုန်၏။ အချို့ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ အချို့ ပီတိနှင့်တကွ ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန် ၏ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။

## (၈) ဒဿနတိက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် က္ခန္ဓ (ရုပ်က္ခန္ဓ-၇၊ သုခ, ဒုက္ခ, သဒ္ဓါ, သတိ, ပညာက္ခန္ဓ-၄) တစ်ဆယ့်ငါးပါးတို့ သည် သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်၊ အထက်မဂ် သုံးခုသည် ပယ်အပ်သည်လည်း မဟုတ်ကုန်။ စိတ်ဆင်းရဲမှု၌ အစိုးရသည့် ဒေါမနဿိန္ဒြေကို အချို့ သောတာပတ္တိမဂ်သည် ပယ်အပ်၏။ အချို့ အထက်မဂ်သုံးခုသည် ပယ်အပ်၏။

အစိုးရသည့် က္ခန္ဓ (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) ခြောက်ပါးတို့ကို အချို့ သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်၏။ အချို့ အထက်မဂ်သုံးခုသည် ပယ်အပ်ကုန်၏။ အချို့ သောတာ ပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်ကုန်၊ အထက်မဂ်သုံးခုသည် ပယ်အပ်သည်လည်း မဟုတ်ကုန်။

## (၉) ဒဿနဟေတုတိက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် က္ခန္ဓ (ရုပ်က္ခန္ဓ- ၇၊ သုခ, ဒုက္ခ, သဒ္ဓါ, သတိ, ပညာက္ခန္ဓ- ၄) တစ်ဆယ့်ငါးပါးတို့ သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်၊ အထက်မဂ်သုံးခုသည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်။ စိတ်ဆင်းရဲမှု၌ အစိုးရသည့် ဒေါမနဿိန္ဒြေသည် အချို့ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိ၏။ အချို့ အထက်မဂ်သုံးခုသည် ပယ်အပ်သော ဟိတ် ရှိ၏။ အစိုးရသည့် က္ခန္ဓ (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) ခြောက်ပါးတို့သည် အချို့ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိကုန်၏။ အချို့ အထက်မဂ်သုံးခုသည် ပယ်အပ် သော ဟိတ်ရှိကုန်၏။ အချို့ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်၊ အထက် မဂ်သုံးခုသည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်။

## (၁၀) အာစယဂါမိတိက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် က္ခန္ဓေ (ရုပ်က္ခန္ဓေ- ၇၊ သုခ, ဒုက္ခ, အညာတာဝိန္ဒြေ) ဆယ်ပါးတို့သည် စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်ကုန်၊ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန်။ စိတ်ဆင်းရဲမှု၌ အစိုးသည့် ဒေါမနဿိန္ဒြေသည် စုတိပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်၏။ မသိဖူးသေးသည့် သစ္စာတရားတို့ကို ထိုးထွင်း၍ သိမှု၌ အစိုးရသည့် အနညာတညဿာမီတိန္ဒြေ သည်နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်၏။ သိပြီးသော သစ္စာတရားတို့ကို ထပ်၍ သိမှု၌ အစိုးရသည့် အညိန္ဒြေသည် အချို့ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်၏။ အချို့ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်၊ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်။ အစိုးရသည့် က္ခန္ဓေ (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ) ကိုးပါးတို့သည် အချို့ စုတိပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ကုန်၏။ အချို့ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်ကုန်၏။ အချို့ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်၊ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန်။

## (၁၁) သေက္ခတိက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် က္ခန္ဓေ (ရုပ်က္ခန္ဓေ- ၇၊ သုခ, ဒုက္ခ, ဒေါမနဿ) ဆယ်ပါးတို့သည် သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ကုန်၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ကုန်။ အစိုးရသည့် က္ခန္ဓေ (အနညာတညနှင့် အညိန္ဒြေ) နှစ်ပါးတို့သည် သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာ ဖြစ်ကုန်၏။ ရဟန္တာပုဂ္ဂိုလ်တို့၏ သိမှု၌ အစိုးရသည့် အညာတာဝိန္ဒြေသည် ရဟန္တာ (အသေက္ခ) ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်၏။ အစိုးရသည့် က္ခန္ဓေ (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိနှင့် ပညာ) ကိုးပါးတို့သည် အချို့ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာ ဖြစ်ကုန်၏။ အချို့ ရဟန္တာ (အသေက္ခ) ပုဂ္ဂိုလ်တို့၏ ဥစ္စာ ဖြစ်ကုန်၏။ အချို့ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်၊ ရဟန္တာ (အသေက္ခ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ကုန်။

## (၁၂) ပရိတ္တတိက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် က္ခန္ဓေ (ရုပ်က္ခန္ဓေ-၇၊ သုခ, ဒုက္ခ, ဒေါမနဿ) ဆယ်ပါးတို့သည် နည်းသော အာနုဘော်ရှိသော ကာမတရားတို့ ဖြစ်ကုန်၏။ အစိုးရသည့် က္ခန္ဓေ (လောကုတ္တရာက္ခန္ဓေ) သုံးပါးတသည် နှိုင်းယှဉ်တတ်သော ကိလေသာတို့၏ ဆန့်ကျင်ဘက် လောကုတ္တရာတရားတို့ ဖြစ်ကုန်၏။ အစိုးရသည့် က္ခန္ဓေ (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိနှင့် ပညာ) ကိုးပါးတို့သည် အချို့ နည်းသော အာနုဘော်ရှိသော ကာမတရားတို့ ဖြစ်ကုန်၏။ အချို့ မြတ်သည်၏ အဖြစ်သို့ ရောက်သော မဟဂ္ဂုတ်တရားတို့ ဖြစ်ကုန်၏။ အချို့ နှိုင်းယှဉ်တတ်သော ကိလေသာတို့၏ ဆန့်ကျင်ဘက် လောကုတ္တရာတရားတို့ ဖြစ်ကုန်၏။

## (၁၃) ပရိတ္တာရမ္မဏတိက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ရုပ်က္ခန္ဓ ၇-ပါးတို့သည် အာရုံပြုခြင်း မရှိကုန်။ အစိုးရသည့် က္ခန္ဓ (သုခနှင့်ဒုက္ခ) နှစ်ပါးတို့သည် ကာမကို အာရုံပြုကုန်၏။ အစိုးရသည့် လောကုတ္တရာက္ခန္ဓသုံးပါးတို့သည် လောကုတ္တရာကို အာရုံပြုကုန်၏။ စိတ်ဆင်းရဲမှု၌ အစိုးသည့် ဒေါမနဿိန္ဒြေသည် အချို့ ကာမကို အာရုံပြု၏။ အချို့ မဟဂ္ဂုတ်ကို အာရုံပြု၏။ လောကုတ္တရာကို အာရုံမပြု။ အချို့ ကာမကို အာရုံပြု၏ဟူ၍ လည်းကောင်း၊ မဟဂ္ဂုတ်ကို အာရုံပြု၏ဟူ၍ လည်းကောင်း မဆိုအပ်ချေ။ အစိုးရသည့် က္ခန္ဓ (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိနှင့် ပညာ) ကိုးပါးတို့သည် အချို့ ကာမကို အာရုံပြုကုန်၏။ အချို့ မဟဂ္ဂုတ်ကို အာရုံပြုကုန်၏။ အချို့ လောကုတ္တရာကို အာရုံပြုကုန်၏။ အချို့ ကာမကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း၊ မဟဂ္ဂုတ်ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း၊ လောကုတ္တရာကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။

## (၁၄) ဟီနတိက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် က္ခန္ဓ (ရုပ်က္ခန္ဓ-၇၊ သုခ, ဒုက္ခ) ကိုးပါးတို့သည် အလယ်အလတ်တရားတို့ ဖြစ်ကုန်၏။ စိတ်ဆင်းရဲမှု၌ အစိုးသည့် ဒေါမနဿိန္ဒြေသည် ယုတ်ညံ့သော တရားဖြစ်၏။ အစိုးရသည့် လောကုတ္တရာ က္ခန္ဓသုံးပါးတို့သည် မွန်မြတ်သော တရားတို့ ဖြစ်ကုန်၏။ အစိုးရသည့် က္ခန္ဓ (သဒ္ဓါ, သတိ, ပညာ) သုံးပါးတို့သည် အချို့ အလယ် အလတ်တရားတို့ ဖြစ်ကုန်၏။ အချို့ မွန်မြတ်သော တရားတို့ ဖြစ်ကုန်၏။ အစိုးရသည့် က္ခန္ဓ (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) ခြောက်ပါးတို့သည် အချို့ ယုတ်ညံ့သော တရားတို့ ဖြစ်ကုန်၏။ အချို့ အလယ် အလတ်တရားတို့ ဖြစ်ကုန်၏။ အချို့ မွန်မြတ်သော တရားတို့ ဖြစ်ကုန်၏။

## (၁၅) မိစ္ဆတ္တတိက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် က္ခန္ဓ (ရုပ်က္ခန္ဓ- ၇၊ သုခ, ဒုက္ခ, အညာတာဝိန္ဒြေ) ဆယ်ပါးတို့သည် နှစ်ပါးသော အခြင်းအရာအားဖြင့် အကျိုးပေး မမြဲကုန်။ မသိဖူးသေးသည့် သစ္စာတရားတို့ကို ထိုးထွင်းသိမှု၌ အစိုးရသည့် အနညာတညဿာမီတိန္ဒြေသည် မဖောက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲ၏။ အစိုးရသည့် က္ခန္ဓ (သဒ္ဓါ, သတိ, ပညာ, အညိန္ဒြေ) လေးပါးတို့သည် အချို့ မဖောက်ပြန်သော သဘော ရှိ၍ မိမိ၏အခြားမဲ့၌ အကျိုးပေးမြဲကုန်၏။ အချို့ နှစ်ပါးသော အခြင်းအရာအားဖြင့် အကျိုးပေးမမြဲကုန်။ စိတ်ဆင်းရဲမှု၌ အစိုးသည့် ဒေါမနဿိန္ဒြေသည် အချို့ ဖောက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့၌ အကျိုးပေးမြဲ၏။ အချို့ နှစ်ပါးသော အခြင်းအရာအားဖြင့် အကျိုးပေးမမြဲ။ အစိုးရသည့် က္ခန္ဓ (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) ခြောက်ပါးတို့သည် အချို့ ဖောက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့၌ အကျိုးပေးမြဲကုန်၏။ အချို့ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲကုန်၏။ အချို့ နှစ်ပါးသော အခြင်းအရာအားဖြင့် အကျိုးပေး မမြဲကုန်။

## (၁၆) မဂ္ဂါရမ္မဏတိက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ရုပ်က္ခန္ဓေခုနစ်ပါးတို့သည် အာရုံပြုခြင်း မရှိကုန်။ အစိုးရသည့် က္ခန္ဓေ (သုခ, ဒုက္ခ, ဒေါမနဿ, အညာတာဝိန္ဒြေ) လေးပါးတို့ကို မဂ်ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း၊ မဂ်ဟု ဆိုအပ်သော အကြောင်းရှိကုန်၏ဟူ၍ လည်းကောင်း၊ မဂ်ဟု ဆိုအပ်သော အကြီးအမျှုး ရှိကုန်၏ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ မသိဖူးသေးသည့် သစ္စာလေးပါးတရားတို့ကို သိမှု၌ အစိုးရသည့် အနညာတညဿာမီတိန္ဒြေသည် မဂ်ကို အာရုံမပြု၊ အချို့ မဂ်ဟု ဆိုအပ်သော အကြောင်းရှိ၏၊ အချို့ မဂ်ဟု ဆိုအပ်သော အကြီးအမျှုးရှိ၏။ အချို့မဂ်ဟု ဆိုအပ်သော အကြောင်းရှိ၏ဟူ၍ လည်းကောင်း၊ အချို့ မဂ်ဟုဆိုအပ်သော အကြီးအမျှုးရှိ၏ဟူ၍ လည်းကောင်း မဆိုအပ်။ သိပြီးသော သစ္စာလေးပါးတရားတို့ကို ထပ်၍ သိမှု၌ အစိုးရသည့် အညိန္ဒြေသည် မဂ်ကို အာရုံမပြု၊ အချို့ မဂ်ဟု ဆိုအပ်သော အကြောင်းရှိ၏။ အချို့ မဂ်ဟု ဆိုအပ်သော အကြီးအမျှုးရှိ၏။ အချို့ မဂ်ဟုဆိုအပ်သော အကြောင်းရှိ၏ဟူ၍ လည်းကောင်း၊ အချို့ မဂ်ဟုဆိုအပ်သော အကြီးအမျှုးရှိ၏ဟူ၍ လည်းကောင်း မဆိုအပ်။ အစိုးရသည့် က္ခန္ဓေ (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ) ကိုးပါးတို့သည် အချို့ မဂ်ကို အာရုံပြုကုန်၏။ အချို့ မဂ်ဟုဆိုအပ်သော အကြောင်း ရှိကုန်၏။ အချို့ မဂ်ဟု ဆိုအပ်သော အကြီးအမျှုး ရှိကုန်၏။ အချို့ မဂ်ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း၊ အချို့ မဂ်ဟု ဆိုအပ်သော အကြောင်း ရှိကုန်၏ဟူ၍ လည်းကောင်း၊ အချို့ မဂ်ဟု ဆိုအပ်သော အကြီးအမျှုး ရှိကုန်၏ ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။

## (၁၇) ဥပ္ပန္နတိက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် က္ခန္ဓေ (ရုပ်က္ခန္ဓေ- ၇၊ သုခိန္ဒြေ, ဒုက္ခိန္ဒြေ, အညာတာဝိန္ဒြေ) ဆယ်ပါးတို့သည် အချို့ ခဏ သုံးပါးသို့ ရောက်ဆဲ ဖြစ်ကုန်၏။ အချို့ ပြီးပြီးသော အကြောင်း တစ်စိတ်ရှိသည်၏ အဖြစ်ကြောင့် မချွတ်ဖြစ်လတ္တံ့ ဖြစ်ကုန်၏။ ခဏသုံးပါးသို့ ရောက်ပြီး ရောက်ဆဲ မဟုတ်ဟု မဆိုအပ်ကုန်။ အစိုးရသည့် က္ခန္ဓေ (ဒေါမနဿနှင့် အနညာတည) နှစ်ပါးတို့သည် အချို့ ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ကုန်၏။ အချို့ ခဏသုံးပါးသို့ ရောက်ပြီး ရောက်ဆဲ မဟုတ်ကုန်။ ပြီးပြီးသော အကြောင်း တစ်စိတ်ရှိသည်၏ အဖြစ်ကြောင့် မချွတ်ဖြစ်လတ္တံ့ဟု မဆိုအပ်ကုန်။ အစိုးရသည့် (ကြွင်းသော) က္ခန္ဓေဆယ်ပါးတို့သည် အချို့ ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ကုန်၏။ အချို့ ခဏသုံးပါးသို့ ရောက်ပြီး ရောက်ဆဲ မဟုတ်ကုန်။ အချို့ ပြီးပြီးသော အကြောင်း တစ်စိတ်ရှိသည်၏အဖြစ်ကြောင့် မချွတ်ဖြစ်လတ္တံ့ ဖြစ်ကုန်၏။

## (၁၈) အတီတတိက် အဖြေဝိသဇ္ဇနာ။ ။

(အစိုးရသည့် က္ခန္ဓေ ၂၂-ပါးတို့သည်) အချို့ ဖြစ်ပြီး (အတိတ်) ဖြစ်ကုန်၏။ အချို့ မရောက်သေးသော (အနာဂတ်) ဖြစ်ကုန်၏။ အချို့ ဖြစ်ဆဲ (ပစ္စုပ္ပန်) ဖြစ်ကုန်၏။

## (၁၉) အတီတာရမ္မဏတိက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ရုပ်က္ကန္ဓေခုနစ်ပါးတို့သည် အာရုံပြုခြင်း မရှိကုန်။ အစိုးရသည့် က္ကန္ဓေ (သုခနှင့် ဒုက္ခ) နှစ်ပါးတို့သည် ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုကုန်၏။ အစိုးရသည့် လောကုတ္တရာက္ကန္ဓေ သုံးပါးတို့ကို ဖြစ်ပြီး (အတိတ်) ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း၊ ဖြစ်လတ္တံ့ (အနာဂတ်) ကို အာရုံပြုကုန်၏ ဟူ၍ လည်းကောင်း၊ ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ အစိုးရ သည့် (ကြွင်းသော) က္ကန္ဓေဆယ်ပါးတို့သည် အချို့ ဖြစ်ပြီး (အတိတ်) ကို အာရုံပြုကုန်၏။ အချို့ ဖြစ်လတ္တံ့ (အနာဂတ်) ကို အာရုံပြုကုန်၏။ အချို့ ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုကုန်၏။ အချို့ ဖြစ်ပြီး (အတိတ်) ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း၊ အချို့ ဖြစ်လတ္တံ့ (အနာဂတ်) ကို အာရုံပြုကုန်၏ ဟူ၍ လည်းကောင်း၊ အချို့ ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။

## (၂၀) အဇ္ဈတ္တတိက် အဖြေဝိသဇ္ဇနာ။ ။

(အစိုးရသည့် က္ကန္ဓေ ၂၂-ပါးတို့သည်) အချို့ အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်ကုန်၏။ အချို့ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏။ အချို့ အတွင်း အပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန် ၂-ပါး၌ ဖြစ်ကုန်၏။

## (၂၁) အဇ္ဈတ္တာရမ္မဏတိက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ရုပ်က္ကန္ဓေခုနစ်ပါးတို့သည် အာရုံပြုခြင်း မရှိကုန်။ အစိုးရသည့် လောကုတ္တရာ က္ကန္ဓေ သုံးပါးတို့သည် အပ 'ဗဟိဒ္ဓ' အာရုံကို အာရုံပြုကုန်၏။ အစိုးရသည့် က္ကန္ဓေ (သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ) လေးပါးတို့သည် အချို့ အတွင်း 'အဇ္ဈတ္တ' သန္တာန်ကို အာရုံပြုကုန်၏။ အချို့ အပ 'ဗဟိဒ္ဓ' သန္တာန်ကို အာရုံပြုကုန်၏။ အချို့ အတွင်း အပ'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်ကို အာရုံပြုကုန်၏။

အစိုးရသည့် (ကြွင်းသော) က္ကန္ဓေရှစ်ပါးတို့သည် အချို့ အတွင်း 'အဇ္ဈတ္တ' သန္တာန်ကို အာရုံ ပြုကုန်၏။ အချို့ အပ 'ဗဟိဒ္ဓ' သန္တာန်ကို အာရုံပြုကုန်၏။ အချို့ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်ကို အာရုံပြုကုန်၏။ အချို့ အတွင်း 'အဇ္ဈတ္တ' သန္တာန်ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း၊ အပ 'ဗဟိဒ္ဓ' သန္တာန်ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်ကို အာရုံပြုကုန်၏ ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။

## (၂၂) သနိဒဿနတိက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ပသာဒိန္ဒြေငါးပါးတို့သည် မြင်အပ်သော သဘောမရှိမူ၍ ထိပါးတတ်သော သဘော ရှိကုန်၏။ အစိုးရသည့် (ကြွင်းသော) က္ကန္ဓေ တစ်ဆယ့်ခုနစ်ပါးတို့သည် မြင်အပ်သော သဘောလည်း မရှိ၊ ထိပါးတတ်သော သဘောလည်း မရှိကုန်။

**က္ကန္ဓေ ၂၂-ပါးတို့ကို တိက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း ပြီး၏။**

၁။ ✱✱ ရုပ်ဇီဝိတိန္ဒြေ ကျန်သည်။

# ကဥ္စြိယပိဘာင်

## ၂ - ကန္ခြေ ၂၂-ပါးတို့ကို ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေပိသဇ္ဇနာကို ပြခြင်း

## ၁ - ဟေတုဂေါစ္ဆက အဖြေပိသဇ္ဇနာ

### (၁) ဟေတုဒုက် အဖြေပိသဇ္ဇနာ

၂၂၄။ ။ အစိုးရသည့် ပညာတရားကိုယ် ကန္ခြေလေးပါးတို့သည် ဟိတ် မည်ကုန်၏။ အစိုးရသည့် (ကြွင်းသော) ကန္ခြေတစ်ဆယ့် ရှစ်ပါးတို့သည် ဟိတ် မမည်ကုန်။

### (၂) သဟေတုဒုက် အဖြေပိသဇ္ဇနာ။ ။

အစိုးရသည့် ကန္ခြေ (ဒေါမနဿ, သဒ္ဓါ, သတိနှင့် ပညာကန္ခြေ-၄) ခုနစ်ပါးတို့သည် ဟိတ် ရှိကုန်၏။ အစိုးရသည့် ကန္ခြေ (ရုပ်ကန္ခြေ ၇-ပါး, သုခ, ဒုက္ခ) ကိုးပါးတို့သည် ဟိတ် မရှိကုန်။ အစိုးရသည့် (ကြွင်းသော) ကန္ခြေခြောက်ပါးတို့သည် အချို့ ဟိတ်ရှိကုန်၏၊ အချို့ ဟိတ် မရှိကုန်။

### (၃) ဟေတုသမ္ပယုတ္တဒုက် အဖြေပိသဇ္ဇနာ။ ။

အစိုးရသည့် ကန္ခြေ (ဒေါမနဿ, သဒ္ဓါ, သတိနှင့် ပညာကန္ခြေ ၄) ခုနစ်ပါးတို့သည် ဟိတ်နှင့် ယှဉ်ကုန်၏။ အစိုးရသည့် ကန္ခြေ (ရုပ်ကန္ခြေ ၇- ပါး, သုခ, ဒုက္ခ) ကိုးပါးတို့သည် ဟိတ်နှင့် မယှဉ်ကုန်။ အစိုးရသည့် (ကြွင်းသော) ကန္ခြေခြောက်ပါးတို့သည် အချို့ ဟိတ်နှင့် ယှဉ်ကုန်၏။ အချို့ ဟိတ်နှင့် မယှဉ်ကုန်။

### (၄) ဟေတုသဟေတုကဒုက် အဖြေပိသဇ္ဇနာ။ ။

အစိုးရသည့် ပညာတရား ကိုယ်ရသော ကန္ခြေလေးပါးတို့သည် ဟိတ်လည်း မည်၊ ဟိတ်လည်း ရှိကုန်၏။ အစိုးရသည့် ကန္ခြေ (ရုပ်ကန္ခြေ ၇- ပါး, သုခ, ဒုက္ခ) ကိုးပါးတို့ကို ဟိတ်လည်းမည်၊ ဟိတ်လည်း ရှိကုန်၏ဟူ၍ လည်းကောင်း၊ ဟိတ်သာရှိ၍ ဟိတ် မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ အစိုးရသည့် ကန္ခြေ (ဒေါမနဿ, သဒ္ဓါ, သတိ) သုံးပါးတို့ကို ဟိတ်လည်း မည်၊ ဟိတ်လည်း ရှိကုန်၏ဟု မဆိုအပ်ကုန်၊ ၎င်းသုံးပါးတို့သည် ဟိတ်သာရှိ၍ ဟိတ် မမည်ကုန်။ အစိုးရသည့် ကန္ခြေ (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) ခြောက်ပါးတို့ကို ဟိတ်လည်း မည်၊ ဟိတ်လည်း ရှိကုန်၏ဟု မဆိုအပ်ကုန်။ ၎င်းခြောက်ပါးတို့သည် အချို့ ဟိတ်သာရှိ၍ ဟိတ် မမည်ကုန်၊ ၎င်းတို့ကို အချို့ ဟိတ်သာ ရှိ၍ ဟိတ် မမည်ကုန်ဟု မဆိုအပ်ကုန်။

## (၅) ဟေတု ဟေတုသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ပညာတရား ကိုယ်က္ခန္ဓာလေးပါးတို့သည် ဟိတ်လည်းမည်၊ ဟိတ်နှင့်လည်း ယှဉ်ကုန်၏။ အစိုးရသည့် က္ခန္ဓာကိုးပါး (ရုပ်က္ခန္ဓာ ၇- ပါး, သုခ, ဒုက္ခ) တို့ကို ဟိတ်လည်း မည်၊ ဟိတ်နှင့်လည်း ယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ ဟိတ်နှင့်သာ ယှဉ်၍ ဟိတ် မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ အစိုးရသည့် က္ခန္ဓာသုံးပါး (ဒေါမနဿ, သဒ္ဓါ, သတိ) တို့ကို ဟိတ်လည်း မည်၊ ဟိတ်နှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်။ (၄င်းသုံးပါးတို့သည်) ဟိတ်နှင့်သာ ယှဉ်၍ ဟိတ် မမည်ကုန်။ အစိုးရသည့် က္ခန္ဓာခြောက်ပါး (မန, ဇီဝိတ, သောမနဿ, ဉပေက္ခာ, ဝီရိယ, သမာဓိ) တို့ကို ဟိတ်လည်း မည်၊ ဟိတ်နှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်။ (၄င်းခြောက်ပါးတို့သည်) အချို့ ဟိတ်နှင့်သာ ယှဉ်၍ ဟိတ် မမည်ကုန်။ (၄င်းတို့ကို) အချို့ဟိတ်နှင့်သာ ယှဉ်၍ ဟိတ် မမည်ကုန်ဟု မဆိုအပ်ကုန်။

## (၆) န ဟေတု သဟေတုကဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် က္ခန္ဓာကိုးပါး (ရုပ်က္ခန္ဓာ ၇-ပါး, သုခ, ဒုက္ခ) တို့သည် ဟိတ်လည်း မမည်၊ ဟိတ်လည်း မရှိကုန်။ အစိုးရသည့် က္ခန္ဓာသုံးပါး (ဒေါမနဿ, သဒ္ဓါ, သတိ) တို့သည် ဟိတ် မမည်မူ၍ ဟိတ်သာ ရှိကုန်၏။ အစိုးရသည့် ပညာတရား ကိုယ်ရသော က္ခန္ဓာလေးပါးတို့ကို ဟိတ် မမည်မူ၍ ဟိတ်သာ ရှိကုန်၏ဟူ၍ လည်းကောင်း၊ ဟိတ်လည်း မမည်, ဟိတ်လည်း မရှိကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ အစိုးရသည့် (ကြွင်းသော) က္ခန္ဓာခြောက်ပါးတို့သည် အချို့ ဟိတ် မမည်မူ၍ ဟိတ်သာ ရှိကုန်၏၊ အချို့ ဟိတ်လည်း မမည်၊ ဟိတ်လည်း မရှိကုန်။

# ဣန္ဒြိယဝိဘင်္ဂ

## ၂ - စူဠန္တရဒုက် အဖြေဝိသဇ္ဇနာ

### (၇) သပ္ပစ္စယဒုက် အဖြေဝိသဇ္ဇနာ။ ။

(ဣန္ဒြေ ၂၂-ပါးတို့သည်) ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့နှင့်တကွ ဖြစ်ကုန်၏။

### (၈) သင်္ခတဒုက် အဖြေဝိသဇ္ဇနာ။ ။

(ဣန္ဒြေ ၂၂-ပါးတို့သည်) ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရား လေးပါးတို့ ပြုပြင်စီရင်အပ်သော တရားတို့ ဖြစ်ကုန်၏။

### (၉) သနိဒဿနဒုက် အဖြေဝိသဇ္ဇနာ။ ။

(ဣန္ဒြေ ၂၂-ပါးတို့သည်) မြင်အပ်သော သဘော မရှိကုန်။

### (၁၀) သပ္ပဋိဃဒုက် အဖြေဝိသဇ္ဇနာ။ ။

ပသာဒဣန္ဒြေငါးပါးတို့သည် ထိပါးတတ်သော သဘောရှိကုန်၏။ (ကြွင်းသော) ဣန္ဒြေတစ်ဆယ့်ခုနစ်ပါးတို့သည် ထိပါးတတ်သော သဘော မရှိကုန်။

### (၁၁) ရူပီဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ရုပ်ဣန္ဒြေခုနစ်ပါးတို့သည် ရုပ်တရားတို့ ဖြစ်ကုန်၏။ (ရုပ်ဣန္ဒြေနှင့် ဇီဝိတိန္ဒြေမှ ကြွင်းသော) ဣန္ဒြေ တစ်ဆယ့်လေးပါးတို့သည် နာမ်တရားတို့ ဖြစ်ကုန်၏။ ဇီဝိတိန္ဒြေသည် အချို့ ရုပ်တရား ဖြစ်၍ အချို့ နာမ်တရား ဖြစ်၏။

### (၁၂) လောကိယဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ဣန္ဒြေ (ရုပ်ဣန္ဒြေ-၇, သုခ, ဒုက္ခ, ဒေါမနဿဟူသော) ဆယ်ပါးတို့သည် လောက၌ အကျုံးဝင်ကုန်၏။ အစိုးရသည့် နောက်ဆုံး ဣန္ဒြေသုံးပါးတို့သည် လောကမှ ထွက်မြောက်ကုန်၏။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေကိုးပါးတို့သည် အချို့လောက၌ အကျုံးဝင်ကုန်၏၊ အချို့ လောကမှ ထွက်မြောက်ကုန်၏။

### (၁၃) ကေနစိဝိညေယျဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ဣန္ဒြေ ၂၂-ပါးတို့သည် စက္ခုဝိညာဏ်စသော တစ်စုံတစ်ခုသော စိတ်သည် သိအပ်ကုန်၏။

အစိုးရသည့် ဣန္ဒြေ ၂၂-ပါးတို့သည် စက္ခုဝိညာဏ်စသော တစ်စုံတစ်ခုသော စိတ်သည် မသိအပ်ကုန်။

# ကန္ဒြိယဝိဘင်္ဂ

## ၃ - အာသဝဂေါစ္ဆက အဖြေဝိသဇ္ဇနာ

### (၁၄) အာသဝဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ကန္ဒြေ ၂၂-ပါးတို့သည် အာသဝမမည်ကုန်။

### (၁၅) သာသဝဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ကန္ဒြေဆယ်ပါး (ရုပ်ကန္ဒြေ ၇-ပါး, သုခ, ဒုက္ခ, ဒေါမနဿ) တို့သည် အာသဝ၏ အာရုံ ဖြစ်ကုန်၏။ အစိုးရသည့် လောကုတ္တရာကန္ဒြေသုံးပါးတို့သည် အာသဝ၏ အာရုံ မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ကန္ဒြေကိုးပါးတို့သည် အချို့ အာသဝ၏ အာရုံ ဖြစ်ကုန်၏။ အချို့ အာသဝ၏ အာရုံ မဖြစ်ကုန်။

### (၁၆) အာသဝသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် (မန, ဇီဝိတ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိတို့မှ ကြွင်းသော) ကန္ဒြေတစ်ဆယ့်ငါးပါးတို့သည် အာသဝနှင့် မယှဉ်ကုန်၊ စိတ်ဆင်းရဲမှု၌ အစိုးရသည့် ဒေါမနဿိန္ဒြေသည် အာသဝနှင့် ယှဉ်၏။ အစိုးရသည့် ကန္ဒြေခြောက်ပါး (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့သည် အချို့ အာသဝနှင့် ယှဉ်ကုန်၏၊ အချို့ အာသဝနှင့် မယှဉ်ကုန်။

### (၁၇) အာသဝသာသဝဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ကန္ဒြေဆယ်ပါး (ရုပ်ကန္ဒြေ ၇-ပါး, သုခ, ဒုက္ခ, ဒေါမနဿ) တို့ကို အာသဝလည်း မည်၊ အာသဝ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ယင်းတို့သည်) အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ကုန်။ အစိုးရသည့် လောကုတ္တရာကန္ဒြေသုံးပါးတို့ကို အာသဝလည်း မည်၊ အာသဝ၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ အစိုးရသည့် (ကြွင်းသော) ကန္ဒြေကိုးပါးတို့ကို အာသဝလည်း မည်၊ အာသဝ၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍ မဆိုအပ်ကုန်၊ (ယင်းတို့သည်) အချို့ အာသဝ၏ အာရုံသာ ဖြစ်၍ အာသဝ မမည်ကုန်။ (ယင်းတို့ကို) အချို့ အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ကုန်ဟု မဆိုအပ်ကုန်။

### (၁၈) အာသဝ အာသဝသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် (မန, ဇီဝိတ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိတို့မှ ကြွင်းသော) ကန္ဒြေ၁၅-ပါးတို့ကို အာသဝလည်းမည်၊ အာသဝနှင့်လည်း ယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ အာသဝနှင့်သာ ယှဉ်၍ အာသဝ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ စိတ်ဆင်းရဲမှု၌ အစိုးသည့် ဒေါမနဿိန္ဒြေကို အာသဝလည်းမည်၊ အာသဝနှင့်လည်း ယှဉ်၏ဟု မဆိုအပ်၊ (ယင်းသည်) အာသဝနှင့်သာ ယှဉ်၍ အာသဝ မမည်။ အစိုးရသည့် ကန္ဒြေခြောက်ပါး (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့ကို အာသဝလည်း မည်၊ အာသဝနှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ယင်းတို့သည်) အချို့ အာသဝနှင့်သာ ယှဉ်၍ အာသဝ မမည်ကုန်။ (ယင်းတို့ကို) အချို့ အာသဝနှင့်သာ ယှဉ်၍ အာသဝ မမည်ကုန်ဟု မဆိုအပ်ကုန်။

### (၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ဣန္ဒြေကိုးပါး (ရုပ်ဣန္ဒြေ ၇, သုခ, ဒုက္ခ) တို့သည် အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံ ဖြစ်ကုန်၏။ အစိုးရသည့် လောကုတ္တရာဣန္ဒြေသုံးပါးတို့သည် အာသဝနှင့်လည်း မယှဉ်၊ အာသဝ၏ အာရုံလည်း ဟုတ်ကုန်။ စိတ်ဆင်းရဲမှု၌ အစိုးသည့် ဒေါမနဿိန္ဒြေကို အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံဖြစ်၏ဟူ၍ လည်းကောင်း၊ အာသဝနှင့်လည်း မယှဉ်၊ အာသဝ၏ အာရုံလည်း မဟုတ်ဟူ၍ လည်းကောင်း မဆိုအပ်။

အစိုးရသည့် ဣန္ဒြေသုံးပါး (သဒ္ဓါ, သတိ, ပညာ) တို့သည် အချို့ အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်ကုန်၏၊ အချို့ အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေခြောက်ပါးတို့သည် အချို့ အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်ကုန်၏။ အချို့ အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဖြစ်ကုန်၊ (ယင်းတို့ကို) အချို့ အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ အာသဝနှင့်လည်း မယှဉ်၊ အာသဝ၏ အာရုံလည်း မဖြစ်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။

# ဣန္ဒြိယဝိဘင်္ဂ

## ၄ - သံယောဇနဂေါစ္ဆကအဖြေဝိသဇ္ဇနာ

### (၂၀) သံယောဇနဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ဣန္ဒြေ ၂၂-ပါးတို့သည် သံယောဇဉ် မမည်ကုန်။

### (၂၁) သံယောဇနိယဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ဣန္ဒြေဆယ်ပါး (ရုပ်ဣန္ဒြေ-၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့သည် သံယောဇဉ်၏ အာရုံ ဖြစ်ကုန်၏။ အစိုးရသည့် လောကုတ္တရာဣန္ဒြေသုံးပါးတို့သည် သံယောဇဉ်၏ အာရုံ မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေကိုးပါးတို့သည် အချို့ သံယောဇဉ်၏ အာရုံ ဖြစ်ကုန်၏။ အချို့ သံယောဇဉ်၏ အာရုံ မဖြစ်ကုန်။

### (၂၂) သံယောဇနသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် (မန, ဇီဝိတ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိတို့မှ ကြွင်းသော) ဣန္ဒြေတစ်ဆယ့်ငါးပါးတို့သည် သံယောဇဉ်နှင့် မယှဉ်ကုန်။ စိတ်ဆင်းရဲမှု၌ အစိုးသည့် ဒေါမနဿိန္ဒြေသည် သံယောဇဉ်နှင့် ယှဉ်၏။ အစိုးရသည့် ဣန္ဒြေခြောက်ပါး (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့သည် အချို့ သံယောဇဉ်နှင့် ယှဉ်ကုန်၏၊ အချို့ သံယောဇဉ်နှင့် မယှဉ်ကုန်။

## (၂၃) သံယောဇနသံယောဇနိယဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ဣန္ဒြေဆယ်ပါး (ရုပ်ဣန္ဒြေ-၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့ကို သံယောဇဉ်လည်း မည်၊ သံယောဇဉ်၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ယင်းတို့သည်) သံယောဇဉ်၏ အာရုံသာ ဖြစ်၍ သံယောဇဉ် မမည်ကုန်။ အစိုးရသည့် လောကုတ္တရာဣန္ဒြေသုံးပါးတို့ကို သံယောဇဉ်လည်း မည်၊ သံယောဇဉ်၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေကိုးပါးတို့ကို သံယောဇဉ် လည်းမည်၊ သံယောဇဉ်၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ယင်းတို့သည်) အချို့ သံယောဇဉ် ၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ကုန်၊ (ယင်းတို့ကို) အချို့ သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယော ဇဉ် မမည်ကုန်ဟု မဆိုအပ်ကုန်။

## (၂၄) သံယောဇနသံယောဇနသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် (မန, ဇီဝိတ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ တို့မှ ကြွင်းသော) ဣန္ဒြေတစ်ဆယ့်ငါးပါးတို့ကို သံယောဇဉ်လည်း မည်၊ သံယောဇဉ်နှင့်လည်း ယှဉ်ကုန်၏ ဟူ၍ လည်းကောင်း၊ သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ စိတ်ဆင်းရဲမှု၌ အစိုးသည့် ဒေါမနဿိန္ဒြေကို သံယောဇဉ်လည်း မည်၊ သံယောဇဉ်နှင့်လည်း ယှဉ်၏ဟု မဆိုအပ်၊ ယင်းသည် သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်။ အစိုးရသည့် ဣန္ဒြေခြောက်ပါး (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့ကို သံယောဇဉ်လည်း မည်၊ သံယောဇဉ်နှင့် လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်၊ ယင်းတို့သည် အချို့ သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည် ကုန်၊ ယင်းတို့ကို အချို့ သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်ကုန်ဟု မဆိုအပ်ကုန်။

## (၂၅) သံယောဇနဝိပ္ပယုတ္တသံယောဇနိယဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ဣန္ဒြေကိုးပါး (ရုပ်ဣန္ဒြေ-၇, သုခ, ဒုက္ခ) တို့သည် သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာ ဖြစ်ကုန်၏။ အစိုးရသည့် လောကုတ္တရာဣန္ဒြေသုံးပါးတို့သည် သံယောဇဉ်နှင့် လည်း မယှဉ်၊ သံယောဇဉ်၏ အာရုံလည်း မဖြစ်ကုန်။ စိတ်ဆင်းရဲမှု၌ အစိုးသည့် ဒေါမနဿိန္ဒြေကို သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာဖြစ်၏ဟူ၍ လည်းကောင်း၊ သံယောဇဉ်နှင့်လည်း မယှဉ်၊ သံယောဇဉ်၏ အာရုံလည်း မဖြစ်ဟူ၍ လည်းကောင်း မဆိုအပ်။ အစိုးရသည့် ဣန္ဒြေသုံးပါး (သဒ္ဓါ, သတိ, ပညာ) တို့သည် အချို့ သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာ ဖြစ်ကုန်၏။ အချို့ သံယောဇဉ်နှင့်လည်း မယှဉ်၊ သံယောဇဉ်၏ အာရုံလည်း မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေခြောက်ပါးတို့သည် အချို့ သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာ ဖြစ်ကုန်၏။ အချို့ သံယောဇဉ်နှင့်လည်း မယှဉ် သံယောဇဉ်၏ အာရုံလည်း မဖြစ်ကုန်။ ယင်းတို့ကို အချို့ သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ သံယောဇဉ်နှင့်လည်း မယှဉ် သံယောဇဉ်၏ အာရုံလည်း မဖြစ်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။

# ဣန္ဒြိယပိဝိဘင်္ဂ

## ၅ - ဂန္ထဂေါစ္ဆကအဖြေဝိသဇ္ဇနာ

### (၂၆) ဂန္ထဒုက် အဖြေဝိသဇ္ဇနာ။ ။

(အစိုးရသည့် ဣန္ဒြေ ၂၂-ပါးတို့သည်) ဂန္ထ မမည်ကုန်။

### (၂၇) ဂန္ထနိယဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ဣန္ဒြေဆယ်ပါး (ရုပ်ဣန္ဒြေ- ၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့သည် ဂန္ထ၏ အာရုံ ဖြစ်ကုန်၏။ အစိုးရသည့် လောကုတ္တရာဣန္ဒြေသုံးပါးတို့သည် ဂန္ထ၏ အာရုံ မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေကိုးပါးတို့သည် အချို့ ဂန္ထ၏ အာရုံ ဖြစ်ကုန်၏၊ အချို့ ဂန္ထ၏ အာရုံ မဖြစ်ကုန်။

### (၂၈) ဂန္ထသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် (မန, ဇီဝိတ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိတို့မှ ကြွင်းသော) ဣန္ဒြေတစ်ဆယ့်ငါးပါးတို့သည် ဂန္ထနှင့် မယှဉ်ကုန်။ စိတ်ဆင်းရဲမှု၌ အစိုးသည့် ဒေါမနဿိန္ဒြေသည် ဂန္ထနှင့် ယှဉ်၏။ အစိုးရသည့် ဣန္ဒြေခြောက်ပါး (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့သည် အချို့ ဂန္ထနှင့် ယှဉ်ကုန်၏၊ အချို့ ဂန္ထနှင့် မယှဉ်ကုန်။

### (၂၉) ဂန္ထ ဂန္ထနိယဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ဣန္ဒြေဆယ်ပါး (ရုပ်ဣန္ဒြေ-၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့ကို ဂန္ထလည်း မည်၊ ဂန္ထ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်။ (ယင်းတို့သည်) ဂန္ထ၏ အာရုံသာ ဖြစ်၍ ဂန္ထ မမည်ကုန်။ အစိုးရသည့် လောကုတ္တရာဣန္ဒြေသုံးပါးတို့ကို ဂန္ထလည်းမည်၊ ဂန္ထ၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ ဂန္ထ၏ အာရုံသာဖြစ်၍ ဂန္ထ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေကိုးပါးတို့ကို ဂန္ထလည်း မည်၊ ဂန္ထ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ ယင်းတို့သည် အချို့ ဂန္ထ၏ အာရုံသာဖြစ်၍ ဂန္ထ မမည်ကုန်။ ယင်းတို့ကို အချို့ ဂန္ထ၏ အာရုံသာ ဖြစ်၍ ဂန္ထ မမည်ကုန်ဟု မဆိုအပ်ကုန်။

### (၃၀) ဂန္ထ ဂန္ထသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် (မန, ဇီဝိတ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိတို့မှ ကြွင်းသော) ဣန္ဒြေတစ်ဆယ့်ငါးပါးတို့ကို ဂန္ထလည်း မည်၊ ဂန္ထနှင့်လည်း ယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ ဂန္ထနှင့်သာ ယှဉ်၍ ဂန္ထ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ စိတ်ဆင်းရဲမှု၌ အစိုးသည့် ဒေါမနဿိန္ဒြေကို ဂန္ထလည်းမည်၊ ဂန္ထနှင့်လည်း ယှဉ်၏ဟု မဆိုအပ်၊ ယင်းသည် ဂန္ထနှင့်သာ ယှဉ်၍ ဂန္ထ မမည်။ အစိုးရသည့် ဣန္ဒြေခြောက်ပါး (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့ကို ဂန္ထလည်း မည်၊ ဂန္ထနှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ယင်းတို့သည်) အချို့ ဂန္ထနှင့်သာ ယှဉ်၍ ဂန္ထ မမည်ကုန်၊ (ယင်းတို့ကို) အချို့ ဂန္ထနှင့်သာ ယှဉ်၍ ဂန္ထ မမည်ကုန်ဟု မဆိုအပ်ကုန်။

**(၃၁) ဂန္ထဝိပ္ပယုတ္တဂန္ထနိယဒုက် အဖြေဝိသဇ္ဇနာ။ ။**

အစိုးရသည့် က္လေန္ဒြေကိုးပါး (ရုပ်က္လေန္ဒြေ-၇, သုခ, ဒုက္ခ) တို့သည် ဂန္ထနှင့် မယှဉ်မူ၍ ဂန္ထ၏ အာရုံသာ ဖြစ်ကုန်၏။ အစိုးရသည့် လောကုတ္တရာက္လေန္ဒြေသုံးပါးတို့သည် ဂန္ထနှင့်လည်း မယှဉ်၊ ဂန္ထ၏ အာရုံလည်း မဖြစ်ကုန်။ စိတ်ဆင်းရဲမှု၌ အစိုးသည့် ဒေါမနဿိန္ဒြေကို ဂန္ထနှင့် မယှဉ်မူ၍ ဂန္ထ၏ အာရုံသာ ဖြစ်၏ဟူ၍ လည်းကောင်း၊ ဂန္ထနှင့်လည်း မယှဉ်၊ ဂန္ထ၏ အာရုံလည်း မဖြစ်ဟူ၍ လည်းကောင်း မဆိုအပ်။ အစိုးရသည့် (သဒ္ဓါ, သတိ, ပညာ) က္လေန္ဒြေသုံးပါးတို့သည် အချို့ ဂန္ထနှင့် မယှဉ်မူ၍ ဂန္ထ၏ အာရုံသာ ဖြစ်ကုန်၏၊ အချို့ ဂန္ထနှင့်လည်း မယှဉ်၊ ဂန္ထ၏ အာရုံလည်း မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) က္လေန္ဒြေ ခြောက်ပါးတို့သည် အချို့ ဂန္ထနှင့် မယှဉ်မူ၍ ဂန္ထ၏ အာရုံသာ ဖြစ်ကုန်၏။ အချို့ ဂန္ထနှင့်လည်း မယှဉ် ဂန္ထ၏ အာရုံလည်း မဖြစ်ကုန်၊ ယင်းတို့ကို အချို့ ဂန္ထနှင့် မယှဉ်မူ၍ ဂန္ထ၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ ဂန္ထနှင့်လည်း မယှဉ်၊ ဂန္ထ၏ အာရုံလည်း မဖြစ်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။

# က္လေန္ဒြိယဝိဘင်္ဂ

## ၆ - ဩဃဂေါစ္ဆက အဖြေဝိသဇ္ဇနာ

**(၃၂) ဩဃဒုက် အဖြေဝိသဇ္ဇနာ။ ။**

အစိုးရသည့် က္လေန္ဒြေ ၂၂-ပါးတို့သည် ဩဃ မမည်ကုန်။ပ။

(၃၃၊ ဩဃနိယဒုက်မှ- ၃၇၊ ဩဃဝိပ္ပယုတ္တ ဩဃနိယဒုက်အထိ ပေယျာလ ချန်ထားသည်။ အာသဝဂေါစ္ဆကနှင့် တူ၏)။

# က္လေန္ဒြိယဝိဘင်္ဂ

## ၇ - ယောဂဂေါစ္ဆက အဖြေဝိသဇ္ဇနာ

**(၃၈) ယောဂဒုက် အဖြေဝိသဇ္ဇနာ။ ။**

အစိုးရသည့် က္လေန္ဒြေ ၂၂-ပါးတို့သည် ယောဂမမည်ကုန်။ပ။

(၃၉၊ ယောဂနိယဒုက်မှ--၄၃၊ ယောဂဝိပ္ပယုတ္တယောဂနိယဒုက်အထိ ပေယျာလချန်ထားသည်။ အာသဝဂေါစ္ဆကနှင့် တူ၏)။

# ကန္ဒြိယဝိဘင်္ဂ

## ၈ - နီဝရဏဂေါစ္ဆက အဖြေဝိသဇ္ဇနာ

### (၄၄) နီဝရဏဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ကန္ဒြေ ၂၂-ပါးတို့သည် နီဝရဏမမည်ကုန်။

### (၄၅) နီဝရဏိယဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ကန္ဒြေဆယ်ပါး (ရုပ်ကန္ဒြေ-၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့သည် နီဝရဏ၏ အာရုံ ဖြစ်ကုန်၏။ အစိုးရသည့် လောကုတ္တရာကန္ဒြေသုံးပါးတို့သည် နီဝရဏ၏ အာရုံ မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ကန္ဒြေကိုးပါးတို့သည် အချို့ နီဝရဏ၏ အာရုံ ဖြစ်ကုန်၏၊ အချို့ နီဝရဏ၏ အာရုံ မဖြစ်ကုန်။

### (၄၆) နီဝရဏသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် (မန, ဇီဝိတ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိတို့မှ ကြွင်း သော) ကန္ဒြေ တစ်ဆယ့်ငါးပါးတို့သည် နီဝရဏနှင့် မယှဉ်ကုန်။ စိတ်ဆင်းရဲမှု၌ အစိုးသည့် ဒေါမနဿိန္ဒြေသည် နီဝရဏနှင့် ယှဉ်၏။ အစိုးရသည့် ကန္ဒြေခြောက်ပါး (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့သည် အချို့ နီဝရဏနှင့် ယှဉ်ကုန်၏၊ အချို့ နီဝရဏနှင့် မယှဉ်ကုန်။

### (၄၇) နီဝရဏနီဝရဏိယဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ကန္ဒြေဆယ်ပါး (ရုပ်ကန္ဒြေ-၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့ကို နီဝရဏလည်းမည်၊ နီဝရဏ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ ယင်းတို့သည် နီဝရဏ၏ အာရုံသာ ဖြစ်၍ နီဝရဏ မမည်ကုန်။ အစိုးရသည့် လောကုတ္တရာကန္ဒြေသုံးပါးတို့ကို နီဝရဏလည်းမည်၊ နီဝရဏ၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ နီဝရဏ၏ အာရုံသာဖြစ်၍ နီဝရဏ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ အစိုးရသည့် (ကြွင်းသော) ကန္ဒြေကိုးပါးတို့ကို နီဝရဏလည်းမည်၊ နီဝရဏ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ယင်းတို့သည်) အချို့ နီဝရဏ၏ အာရုံသာ ဖြစ်၍ နီဝရဏ မမည်ကုန်။ (ယင်းတို့ကို) အချို့ နီဝရဏ၏ အာရုံသာဖြစ်၍ နီဝရဏ မမည်ကုန်ဟု မဆိုအပ်ကုန်။

### (၄၈) နီဝရဏနီဝရဏသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် (မန, ဇီဝိတ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိတို့မှ ကြွင်းသော) ကန္ဒြေတစ်ဆယ့်ငါးပါးတို့ကို နီဝရဏလည်း မည်၊ နီဝရဏနှင့်လည်း ယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ နီဝရဏနှင့်သာ ယှဉ်၍ နီဝရဏ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ စိတ်ဆင်းရဲမှု၌ အစိုးရသည့် ဒေါမနဿိန္ဒြေကို နီဝရဏလည်း မည်၊ နီဝရဏနှင့်လည်း ယှဉ်၏ဟု မဆိုအပ်။ (ယင်းသည်) နီဝရဏနှင့်သာ ယှဉ်၍ နီဝရဏ မမည်။ အစိုးရသည့် ကန္ဒြေခြောက်ပါး (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့ကို နီဝရဏလည်း မည်၊ နီဝရဏနှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်။ (ယင်းတို့သည်) အချို့ နီဝရဏနှင့်သာ ယှဉ်၍ နီဝရဏ မမည်ကုန်၊ (ယင်းတို့ကို) အချို့ နီဝရဏနှင့်သာ ယှဉ်၍ နီဝရဏ မမည်ကုန်ဟု မဆိုအပ်ကုန်။

### (၄၉) နိဝရဏဝိပ္ပယုတ္တနိဝရဏိယဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် က္ခန္ဓြေကိုးပါး (ရုပ်က္ခန္ဓြေ-၇, သုခ, ဒုက္ခ) တို့သည် နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံသာ ဖြစ်ကုန်၏။ အစိုးရသည့် လောကုတ္တရာက္ခန္ဓြေသုံးပါးတို့သည် နီဝရဏနှင့်လည်း မယှဉ်၊ နီဝရဏ၏ အာရုံလည်း မဖြစ်ကုန်။ စိတ်ဆင်းရဲမှု၌ အစိုးရသည့် ဒေါမနဿိန္ဒြေကို နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံသာ ဖြစ်၏ဟူ၍ လည်းကောင်း၊ နီဝရဏနှင့်လည်း မယှဉ်၊ နီဝရဏ၏ အာရုံလည်း မဖြစ်ဟူ၍ လည်းကောင်း မဆိုအပ်။ အစိုးရသည့် က္ခန္ဓြေသုံးပါး (သဒ္ဓါ, သတိ, ပညာ) တို့သည် အချို့ နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံသာ ဖြစ်ကုန်၏။ အချို့ နီဝရဏနှင့်လည်း မယှဉ်၊ နီဝရဏ၏ အာရုံလည်း မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) က္ခန္ဓြေခြောက်ပါးတို့သည် အချို့ နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံသာ ဖြစ်ကုန်၏၊ အချို့ နီဝရဏနှင့်လည်း မယှဉ်၊ နီဝရဏ၏ အာရုံလည်း မဖြစ်ကုန်။ ယင်းတို့ကို အချို့ နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ နီဝရဏနှင့်လည်း မယှဉ်၊ နီဝရဏ၏ အာရုံလည်း မဖြစ်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။

# က္ခန္ဒြိယဝိဘင်္ဂ

## ၉ - ပရာမာသဂေါစ္ဆက အဖြေဝိသဇ္ဇနာ

### (၅၀) ပရာမာသဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် က္ခန္ဓြေ ၂၂-ပါးတို့သည် ပရာမာသ မမည်ကုန်။

### (၅၁) ပရာမဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် က္ခန္ဓြေဆယ်ပါး (ရုပ်က္ခန္ဓြေ-၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့သည် ပရာမာသ၏ အာရုံ ဖြစ်ကုန်၏။ အစိုးရသည့် လောကုတ္တရာ က္ခန္ဓြေသုံးပါးတို့သည် ပရာမာသ၏ အာရုံ မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) က္ခန္ဓြေကိုးပါးတို့သည် အချို့ ပရာမာသ၏ အာရုံ ဖြစ်ကုန်၏၊ အချို့ ပရာမာသ၏ အာရုံ မဖြစ်ကုန်။

### (၅၂) ပရာမာသသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိတို့မှ ကြွင်းသော) က္ခန္ဓြေ တစ်ဆယ့် ခြောက်ပါးတို့သည် ပရာမာသနှင့် မယှဉ်ကုန်။ အစိုးရသည့် က္ခန္ဓြေခြောက်ပါး (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့သည် အချို့ ပရာမာသနှင့် ယှဉ်ကုန်၏၊ အချို့ ပရာမာသနှင့် မယှဉ်ကုန်။

## (၅၃) ပရာမာသပရာမဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ဣန္ဒြေဆယ်ပါး (ရုပ်ဣန္ဒြေ- ၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့ကို ပရာမာသလည်း မည် ပရာမာသ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ယင်းတို့သည်) ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ကုန်။ အစိုးရသည့် လောကုတ္တရာ ဣန္ဒြေသုံးပါးတို့ကို ပရာမာသလည်း မည်၊ ပရာမာသ ၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ကုန် ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေကိုးပါးတို့ကို ပရာမာသလည်း မည်၊ ပရာမာသ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ယင်းတို့သည်) အချို့ ပရာမာသ၏ အာရုံသာ ဖြစ်၍ ပရာမာသ အာရုံ မမည်ကုန်၊ (ယင်းတို့ကို) အချို့ ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ကုန်ဟု မဆိုအပ်ကုန်။

## (၅၄) ပရာမာသဝိပ္ပယုတ္တပရာမဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ဣန္ဒြေဆယ်ပါး (ရုပ်ဣန္ဒြေ- ၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့သည် ပရာမာသနှင့် မယှဉ်မူ၍ ပရာမာသ၏ အာရုံသာ ဖြစ်ကုန်၏။ အစိုးရသည့် လောကုတ္တရာ ဣန္ဒြေသုံးပါးတို့သည် ပရာမာသနှင့်လည်း မယှဉ်၊ ပရာမာသ၏ အာရုံလည်း မဖြစ်ကုန်။ အစိုးရသည့် ဣန္ဒြေသုံးပါး (သဒ္ဓါ, သတိ, ပညာ)တို့သည် အချို့ ပရာမာသနှင့် မယှဉ်မူ၍ ပရာမာသ၏ အာရုံသာ ဖြစ်ကုန်၏၊ အချို့ ပရာမာသနှင့်လည်း မယှဉ်၊ ပရာမာသ၏ အာရုံလည်း မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေ ခြောက်ပါးတို့သည် အချို့ ပရာမာသနှင့် မယှဉ်မူ၍ ပရာမာသ၏ အာရုံသာ ဖြစ်ကုန်၏၊ အချို့ ပရာမာသနှင့်လည်း မယှဉ်၊ ပရာမာသ၏ အာရုံလည်း မဖြစ်ကုန်။ ယင်းတို့ကို အချို့ ပရာမာသနှင့် မယှဉ်မူ၍ ပရာမာသ၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ ပရာမာသနှင့်လည်း မယှဉ်၊ ပရာမာသ၏ အာရုံလည်း မဖြစ်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။

# ဣန္ဒြိယဝိဘင်္ဂ

## ၁၀ - မဟန္တရဒုက် အဖြေဝိသဇ္ဇနာ

### (၅၅) သာရမ္မဏဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ရုပ်က္ခန္ဓခုနစ်ပါးတို့သည် အာရုံပြုခြင်း မရှိကုန်။ အစိုးရသည့် နာမ်က္ခန္ဓ တစ်ဆယ့်လေးပါးတို့သည် အာရုံပြုခြင်း ရှိကုန်၏။ အသက်ရှင်မှု၌ အစိုးရသည့် ဇီဝိတိန္ဒြေသည် အချို့ အာရုံပြုခြင်း ရှိ၏၊ အချို့ အာရုံပြုခြင်း မရှိ။

### (၅၆) စိတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် (မနိန္ဒြေမှကြွင်းသော) က္ခန္ဓ နှစ်ဆယ့်တစ်ပါးတို့သည် စိတ် မမည်ကုန်။ သိမှု၌ အစိုးရသည့် မနိန္ဒြေသည် စိတ်မည်၏။

### (၅၇) စေတသိကဒုက် အဖြေဝိသဇ္ဇနာ။ ။

(ဆိုလတ္တံ့သော ကိုးပါးမှ ကြွင်းသော) က္ခန္ဓ တစ်ဆယ့်သုံးပါးတို့သည် စေတသိက် မည်ကုန်၏။ အစိုးရသည့် (ရုပ်က္ခန္ဓ-၇, မနိန္ဒြေ) ရှစ်ပါးတို့သည် စေတသိက် မမည်ကုန်။ အသက်ရှင်မှု၌ အစိုးရသည့် ဇီဝိတိန္ဒြေသည် အချို့ စေတသိက် မည်၏၊ အချို့ စေတသိက် မမည်။

### (၅၈) စိတ္တသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် (ဆိုလတ္တံ့သော က္ခန္ဓကိုးပါးမှ ကြွင်းသော) က္ခန္ဓ တစ်ဆယ့်သုံးပါးတို့သည် စိတ်နှင့် ယှဉ်ကုန်၏။ အစိုးရသည့် ရုပ်က္ခန္ဓခုနစ်ပါးတို့သည် စိတ်နှင့် မယှဉ်ကုန်။ အသက်ရှင်မှု၌ အစိုးရသည့် ဇီဝိတိန္ဒြေသည် အချို့ စိတ်နှင့် ယှဉ်၍ အချို့ စိတ်နှင့် မယှဉ်။ သိမှု၌ အစိုးရသည့် မနိန္ဒြေကို စိတ်နှင့် ယှဉ်၏ ဟူ၍ လည်းကောင်း၊ စိတ်နှင့် မယှဉ်ဟူ၍ လည်းကောင်း မဆိုအပ်။

### (၅၉) စိတ္တသံသဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် (ဆိုလတ္တံ့သော က္ခန္ဓကိုးပါးမှ ကြွင်းသော) က္ခန္ဓ တစ်ဆယ့်သုံးပါးတို့သည် စိတ်နှင့် နှီးနှောကုန်၏။ အစိုးရသည့် ရုပ်က္ခန္ဓခုနစ်ပါးတို့သည် စိတ်နှင့် မနှီးနှောကုန်။ အသက်ရှင်မှု၌ အစိုးရသည့် ဇီဝိတိန္ဒြေသည် အချို့ စိတ်နှင့် နှီးနှော၏၊ အချို့ စိတ်နှင့် မနှီးနှော။ သိမှု၌ အစိုးရသည့် မနိန္ဒြေကို စိတ်နှင့် နှီးနှော၏ဟူ၍ လည်းကောင်း၊ စိတ်နှင့် မနှီးနှောဟူ၍ လည်းကောင်း မဆိုအပ်။

### (၆၀) စိတ္တသမုဋ္ဌာနဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် (ဆိုလတ္တံ့သော က္ခန္ဓကိုးပါးမှ ကြွင်းသော) က္ခန္ဓ တစ်ဆယ့်သုံးပါးတို့သည် စိတ်ကြောင့် ဖြစ်ကုန်၏။ အစိုးရသည့် က္ခန္ဓရှစ်ပါး (ရုပ်က္ခန္ဓ-၇, မနိန္ဒြေ) တို့သည် စိတ်ကြောင့် မဖြစ်ကုန်။ အသက်ရှင်မှု၌ အစိုးရသည့် ဇီဝိတိန္ဒြေသည် အချို့ စိတ်ကြောင့် ဖြစ်၏၊ အချို့ စိတ်ကြောင့် မဖြစ်။

## (၆၁) စိတ္တသဟဘူဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် (ဆိုလတ္တံ့သော ဣန္ဒြေကိုးပါးမှ ကြွင်းသော) ဣန္ဒြေ တစ်ဆယ့်သုံးပါးတို့သည် စိတ်နှင့်တကွ ဖြစ်ကုန်၏။ အစိုးရသည့် ဣန္ဒြေရှစ်ပါး (ရုပ်ဣန္ဒြေ-၇, မနိန္ဒြေ) တို့သည် စိတ်နှင့်တကွ မဖြစ်ကုန်။ အသက်ရှင်မှု၌ အစိုးရသည့် ဇီဝိတိန္ဒြေသည် အချို့ စိတ်နှင့်တကွ ဖြစ်၏၊ အချို့ စိတ်နှင့်တကွ မဖြစ်။

## (၆၂) စိတ္တာနုပရိဝတ္တိဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် (ဆိုလတ္တံ့သော ဣန္ဒြေကိုးပါးမှကြွင်းသော) ဣန္ဒြေ တစ်ဆယ့်သုံးပါးတို့သည် စိတ်သို့ အစဉ်လိုက်၍ ဖြစ်ကုန်၏။ အစိုးရသည့် ဣန္ဒြေရှစ်ပါး (ရုပ်ဣန္ဒြေ-၇,မနိန္ဒြေ)တို့သည် စိတ်သို့ အစဉ်လိုက်၍ မဖြစ်ကုန်။ အသက်ရှင်မှု၌ အစိုးရသည့် ဇီဝိတိန္ဒြေသည် အချို့ စိတ်သို့ အစဉ်လိုက်၍ ဖြစ်၏၊ အချို့ စိတ်သို့ အစဉ်လိုက်၍ မဖြစ်။

## (၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် (ဆိုလတ္တံ့သော ဣန္ဒြေကိုးပါးမှကြွင်းသော) ဣန္ဒြေ တစ်ဆယ့်သုံးပါးတို့သည် စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်ကုန်၏။ အစိုးရသည့် ဣန္ဒြေရှစ်ပါး (ရုပ်ဣန္ဒြေ-၇, မနိန္ဒြေ) တို့သည် စိတ်နှင့်လည်း မနှီးနှော၊ စိတ်ကြောင့်လည်း မဖြစ်ကုန်။ အသက်ရှင်မှု၌ အစိုးရသည့် ဇီဝိတိန္ဒြေသည် အချို့ စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၏၊ အချို့ စိတ်နှင့်လည်း မနှီးနှော၊ စိတ်ကြောင့်လည်း မဖြစ်။

## (၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘူဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် (ဆိုလတ္တံ့သော ဣန္ဒြေကိုးပါးမှကြွင်းသော) ဣန္ဒြေ တစ်ဆယ့်သုံးပါးတို့သည် စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်းဖြစ်၊ စိတ်နှင့်လည်းတကွ ဖြစ်ကုန်၏။

အစိုးရသည့် ဣန္ဒြေရှစ်ပါး (ရုပ်ဣန္ဒြေ-၇, မနိန္ဒြေ) တို့သည် စိတ်နှင့်လည်း မနှီးနှော၊ စိတ်ကြောင့်လည်း မဖြစ်၊ စိတ်နှင့်လည်းတကွ မဖြစ်ကုန်။ အသက်ရှင်မှု၌ အစိုးရသည့် ဇီဝိတိန္ဒြေသည် အချို့ စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်နှင့်လည်းတကွ ဖြစ်၏၊ အချို့ စိတ်နှင့်လည်း မနှီးနှော၊ စိတ်ကြောင့်လည်း မဖြစ်၊ စိတ်နှင့်လည်းတကွ မဖြစ်။

## (၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် (ဆိုလတ္တံ့သောဣန္ဒြေကိုးပါးမှ ကြွင်းသော) ဣန္ဒြေ တစ်ဆယ့်သုံးပါးတို့သည် စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်းဖြစ်၊ စိတ်သို့လည်း အစဉ်လိုက်၍ ဖြစ်ကုန်၏။ အစိုးရသည့် ဣန္ဒြေ ရှစ်ပါး (ရုပ်ဣန္ဒြေ-၇, မနိန္ဒြေ) တို့သည် စိတ်နှင့်လည်း မနှီးနှော၊ စိတ်ကြောင့်လည်း မဖြစ်၊ စိတ်သို့လည်း အစဉ်လိုက်၍ မဖြစ်ကုန်။ အသက်ရှင်မှု၌ အစိုးရသည့် ဇီဝိတိန္ဒြေသည် အချို့ စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်သို့လည်း အစဉ်လိုက်၏၊ အချို့ စိတ်နှင့်လည်း မနှီးနှော၊ စိတ်ကြောင့်လည်း မဖြစ်၊ စိတ်သို့လည်း အစဉ်လိုက်၍ မဖြစ်။

**(၆၆) အဇ္ဈတ္တိကဒုက် အဖြေဝိသဇ္ဇနာ။ ။**

အစိုးရသည့် က္ခန္ဓြေခြောက်ပါး (ပသာဒိန္ဒြေ-၅, မနိန္ဒြေ) တို့သည် အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်ကုန်၏။ အစိုးရသည့် (ကြွင်းသော) က္ခန္ဓြေ တစ်ဆယ့်ခြောက်ပါးတို့သည် အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏။

**(၆၇) ဉပါဒါဒုက် အဖြေဝိသဇ္ဇနာ။ ။**

အစိုးရသည့် ရုပ်က္ခန္ဓြေခုနစ်ပါးတို့သည် မဟာဘုတ်ကို မှီ၍ ဖြစ်ကုန်၏။ အစိုးရသည့် (ရုပ်က္ခန္ဓြေ-၇, ဇီဝိတိန္ဒြေမှ ကြွင်းသော) က္ခန္ဓြေ တစ်ဆယ့်လေးပါးတို့သည် မဟာဘုတ်ကို မှီ၍ မဖြစ်ကုန်။ အသက်ရှင်မှု၌ အစိုးရသည့် ဇီဝိတိန္ဒြေသည် အချို့ မဟာဘုတ်ကို မှီ၍ ဖြစ်၏၊ အချို့ မှီ၍ မဖြစ်။

**(၆၈) ဉပါဒိန္နဒုက် အဖြေဝိသဇ္ဇနာ။ ။**

အစိုးရသည့် က္ခန္ဓြေကိုးပါး (ရုပ်က္ခန္ဓြေ-၇, သုခ, ဒုက္ခ) တို့သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်ကုန်၏။ အစိုးရသည့် က္ခန္ဓြေလေးပါး (ဒေါမနဿနှင့် လောကုတ္တရာ က္ခန္ဓြေ-၃) တို့သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန်။ အစိုးရသည့် (ကြွင်းသော) က္ခန္ဓြေ ကိုးပါးတို့သည် အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်ကုန်၏၊ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန်။

# က္ခန္ဒြိယဝိဘင်

## ၁၁ - ဉပါဒါနဂေါစ္ဆကအဖြေဝိသဇ္ဇနာ

**(၆၉) ဉပါဒါနဒုက် အဖြေဝိသဇ္ဇနာ။ ။**

အစိုးရသည့် က္ခန္ဓြေ ၂၂-ပါးတို့သည် ဉပါဒါန် မမည်ကုန်။

**(၇၀) ဉပါဒါနိယဒုက် အဖြေဝိသဇ္ဇနာ။ ။**

အစိုးရသည့် က္ခန္ဓြေဆယ်ပါး (ရုပ်က္ခန္ဓြေ-၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့သည် ဉပါဒါန်၏ အာရုံ ဖြစ်ကုန်၏။ အစိုးရသည့် လောကုတ္တရာက္ခန္ဓြေ သုံးပါးတို့သည် ဉပါဒါန်၏ အာရုံ မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) က္ခန္ဓြေကိုးပါးတို့သည် အချို့ ဉပါဒါန်၏ အာရုံဖြစ်ကုန်၏၊ အချို့ ဉပါဒါန်၏ အာရုံ မဖြစ်ကုန်။

## (၇၁) ဥပါဒိန္နသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိတို့မှ ကြွင်းသော) ဣန္ဒြေ တစ်ဆယ့်ခြောက်ပါးတို့သည် ဥပါဒိန်နှင့် မယှဉ်ကုန်။ အစိုးရသည့် ဣန္ဒြေခြောက်ပါး (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့သည် အချို့ ဥပါဒိန်နှင့် ယှဉ်ကုန်၏၊ အချို့ ဥပါဒိန်နှင့် မယှဉ်ကုန်။

## (၇၂) ဥပါဒါန ဥပါဒါနိယဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ဣန္ဒြေဆယ်ပါး (ရုပ်ဣန္ဒြေ-၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့ကို ဥပါဒါန်လည်း မည် ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ယင်းတို့သည်) ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန် မမည်ကုန်။ အစိုးရသည့် လောကုတ္တရာဣန္ဒြေ သုံးပါးတို့ကို ဥပါဒါန်လည်း မည်၊ ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန် မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေကိုးပါးတို့ကို ဥပါဒါန်လည်း မည်၊ ဥပါဒါန်၏ အာရုံ လည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ယင်းတို့သည်) အချို့ ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန် မမည် ကုန်၊ (ယင်းတို့ကို) အချို့ ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန် မမည်ကုန်ဟု မဆိုအပ်ကုန်။

## (၇၃) ဥပါဒါန ဥပါဒါနသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိတို့မှ ကြွင်းသော) ဣန္ဒြေ တစ်ဆယ့်ခြောက်ပါးတို့ကို ဥပါဒါန်လည်းမည်၊ ဥပါဒါန်နှင့်လည်း ယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန် မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ အစိုးရသည့် ဣန္ဒြေ ခြောက်ပါး (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့ကို ဥပါဒါန်လည်း မည်၊ ဥပါဒါန် နှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ယင်းတို့သည်) အချို့ ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန် မမည် ကုန်၊ (ယင်းတို့ကို) အချို့ ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန် မမည်ကုန်ဟု မဆိုအပ်ကုန်။

## (၇၄) ဥပါဒါနဝိပ္ပယုတ္တဥပါဒါနိယဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ဣန္ဒြေဆယ်ပါး (ရုပ်ဣန္ဒြေ-၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့သည် ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏။ အစိုးရသည့် လောကုတ္တရာ ဣန္ဒြေ သုံးပါးတို့သည် ဥပါဒါန် နှင့်လည်း မယှဉ်၊ ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန်။ အစိုးရသည့် (သဒ္ဓါ, သတိ, ပညာ) ဣန္ဒြေ သုံးပါးတို့သည် အချို့ ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏၊ အချို့ ဥပါဒါန်နှင့်လည်း မယှဉ်၊ ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေခြောက်ပါးတို့သည် အချို့ ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏၊ အချို့ ဥပါဒါန်နှင့်လည်း မယှဉ်၊ ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန်၊ (ယင်းတို့ကို) အချို့ ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏ ဟူ၍ လည်းကောင်း၊ ဥပါဒါန်နှင့်လည်း မယှဉ်၊ ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။

# ဣန္ဒြိယဝိဘင်္ဂ

## ၁၂ - ကိလေသဂေါစ္ဆက အဖြေဝိသဇ္ဇနာ

**(၇၅) ကိလေသဒုက် အဖြေဝိသဇ္ဇနာ။ ။**

အစိုးရသည့် ဣန္ဒြေ ၂၂-ပါးတို့သည် ကိလေသာ မမည်ကုန်။

**(၇၆) သံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ။ ။**

အစိုးရသည့် ဣန္ဒြေဆယ်ပါး (ရုပ်ဣန္ဒြေ-၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့သည် ကိလေသာ၏ အာရုံ ဖြစ်ကုန်၏။ အစိုးရသည့် လောကုတ္တရာ ဣန္ဒြေသုံးပါးတို့သည် ကိလေသာ၏ အာရုံ မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေကိုးပါးတို့သည် အချို့ ကိလေသာ၏ အာရုံ ဖြစ်ကုန်၏၊ အချို့ ကိလေသာ၏ အာရုံ မဖြစ်ကုန်။

**(၇၇) သံကိလိဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။ ။**

အစိုးရသည့် (ဆိုလတ္တံ့သော ဣန္ဒြေခုနစ်ပါးမှ ကြွင်းသော) ဣန္ဒြေ တစ်ဆယ့်ငါးပါးတို့သည် ကိလေသာတို့ အပူပန် မခံရကုန်။ စိတ်ဆင်းရဲမှု၌ အစိုးရသည့် ဒေါမနဿိန္ဒြေသည် ကိလေသာတို့ အပူပန် ခံရ၏။

အစိုးရသည့် ဣန္ဒြေခြောက်ပါး (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့သည် အချို့ ကိလေသာတို့ အပူပန် ခံရကုန်၏၊ အချို့ ကိလေသာတို့ အပူပန် မခံရကုန်။

**(၇၈) ကိလေသသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။**

အစိုးရသည့် (ဆိုလတ္တံ့သော ဣန္ဒြေခုနစ်ပါးမှ ကြွင်းသော) ဣန္ဒြေ တစ်ဆယ့်ငါးပါးတို့သည် ကိလေသာနှင့် မယှဉ်ကုန်။ စိတ်ဆင်းရဲမှု၌ အစိုးရသည့် ဒေါမနဿိန္ဒြေသည် ကိလေသာနှင့် ယှဉ်၏။ အစိုးရသည့် ဣန္ဒြေခြောက်ပါး (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့သည် အချို့ ကိလေသာနှင့် ယှဉ်ကုန်၏၊ အချို့ ကိလေသာနှင့် မယှဉ်ကုန်။

**(၇၉) ကိလေသ သံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ။ ။**

အစိုးရသည့် ဣန္ဒြေဆယ်ပါး (ရုပ်ဣန္ဒြေ- ၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့ကို ကိလေသာလည်း မည်၊ ကိလေသာ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ယင်းတို့သည်) ကိလေသာ၏ အာရုံသာ ဖြစ်၍ ကိလေသာ မမည်ကုန်။ အစိုးရသည့် လောကုတ္တရာ ဣန္ဒြေသုံးပါးတို့ကို ကိလေသာလည်း မည်၊ ကိလေသာ၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ ကိလေသာ၏ အာရုံသာဖြစ်၍ ကိလေသာ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေကိုးပါးတို့ကို ကိလေသာလည်းမည်၊ ကိလေသာ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ယင်းတို့သည်) အချို့ ကိလေသာ၏ အာရုံသာ ဖြစ်၍ ကိလေသာ မမည်ကုန်၊ (ယင်းတို့ကို) အချို့ ကိလေသာ၏ အာရုံသာ ဖြစ်၍ ကိလေသာ မမည်ကုန်ဟု မဆိုအပ်ကုန်။

## (၈၀) ကိလေသ သံကိလိဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် (ဆိုလတ္တံ့သော ဣန္ဒြေခုနစ်ပါးမှ ကြွင်းသော) ဣန္ဒြေ၁၅-ပါးတို့ကို ကိလေသာလည်းမည်၊ ကိလေသာတို့ အပူပန်လည်း ခံရကုန်၏ဟူ၍ လည်းကောင်း၊ ကိလေသာတို့ အပူပန်သာ ခံရ၍ ကိလေသာ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ စိတ်ဆင်းရဲမှု၌ အစိုးရသည့် ဒေါမနဿိန္ဒြေကို ကိလေသာလည်း မည်၊ ကိလေသာတို့ အပူပန်လည်း ခံရကုန်၏ဟု မဆိုအပ်၊ (ယင်းသည်) ကိလေသာတို့ အပူပန်သာ ခံရ၍ ကိလေသာ မမည်။ အစိုးရသည့် (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) ဣန္ဒြေ ခြောက်ပါးတို့ကို ကိလေသာလည်း မည်၊ ကိလေသာတို့ အပူပန်လည်း ခံရကုန်၏ဟု မဆိုအပ်ကုန်၊ (ယင်းတို့သည်) အချို့ ကိလေသာတို့ အပူပန်သာ ခံရ၍ ကိလေသာ မမည်ကုန်၊ (ယင်းတို့ကို) အချို့ ကိလေသာတို့ အပူပန်သာ ခံရ၍ ကိလေသာ မမည်ကုန်ဟု မဆိုအပ်ကုန်။

## (၈၁) ကိလေသ ကိလေသသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် (ဆိုလတ္တံ့သော ဣန္ဒြေခုနစ်ပါးမှ ကြွင်းသော) ဣန္ဒြေ တစ်ဆယ့်ငါးပါးတို့ကို ကိလေသာလည်း မည်၊ ကိလေသာနှင့်လည်း ယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ စိတ်ဆင်းရဲမှု၌ အစိုးရသည့် ဒေါမနဿိန္ဒြေကို ကိလေသာလည်း မည်၊ ကိလေသာနှင့်လည်း ယှဉ်၏ ဟုမဆိုအပ်၊ (ယင်းသည်) ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်။ အစိုးရသည့် ဣန္ဒြေခြောက်ပါး (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့ကို ကိလေသာလည်းမည်၊ ကိလေသာနှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်။ (ယင်းတို့သည်) အချို့ ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ကုန်၊ (ယင်းတို့ကို) အချို့ ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ကုန်ဟု မဆိုအပ်ကုန်။

## (၈၂) ကိလေသဝိပ္ပယုတ္တသံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ဣန္ဒြေကိုးပါး (ရုပ်ဣန္ဒြေ-၇, သုခ, ဒုက္ခ) တို့သည် ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာ ဖြစ်ကုန်၏။

အစိုးရသည့် လောကုတ္တရာဣန္ဒြေ သုံးပါးတို့သည် ကိလေသာနှင့်လည်း မယှဉ်၊ ကိလေသာ၏ အာရုံလည်း မဖြစ်ကုန်။ စိတ်ဆင်းရဲမှု၌ အစိုးရသည့် ဒေါမနဿိန္ဒြေကို ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာ ဖြစ်၏ဟူ၍ လည်းကောင်း၊ ကိလေသာနှင့်လည်း မယှဉ်၊ ကိလေသာ၏ အာရုံလည်း မဖြစ်ဟူ၍ လည်းကောင်း မဆိုအပ်။ အစိုးရသည့် (သဒ္ဓါ, သတိ, ပညာ) ဣန္ဒြေသုံးပါးတို့သည် အချို့ ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာ ဖြစ်ကုန်၏၊ အချို့ ကိလေသာနှင့်လည်း မယှဉ် ကိလေသာ၏ အာရုံလည်း မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေ ခြောက်ပါးတို့သည် အချို့ ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာ ဖြစ်ကုန်၏၊ အချို့ ကိလေသာနှင့်လည်း မယှဉ်၊ ကိလေသာ၏ အာရုံလည်း မဖြစ်ကုန်။ (ယင်းတို့ကို) အချို့ ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ ကိလေသာနှင့်လည်း မယှဉ်၊ ကိလေသာ၏ အာရုံလည်း မဖြစ်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။

# ဣန္ဒြိယဝိဘင်္ဂ

## ၁၃ - ပိဋိဒုက်အဖြေဝိသဇ္ဇနာ

### (၈၃) ဒဿနေန ပဟာတဗ္ဗဒုက် အဖြေဝိသဇ္ဇနာ။ ။

(ဆိုလတ္တံ့သော ဣန္ဒြေခုနစ်ပါးတို့မှ ကြွင်းသော) အစိုးရသည့် ဣန္ဒြေ တစ်ဆယ့်ငါးပါးတို့ကို သောတာပတ္တိမဂ်သည် မပယ်အပ်ကုန်။ အစိုးရသည့် ဣန္ဒြေခုနစ်ပါး (မန, ဇီဝိတ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့ကို အချို့ သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်၏၊ အချို့ သောတာပတ္တိမဂ်သည် မပယ်အပ်ကုန်။

### (၈၄) ဘာဝနာယ ပဟာတဗ္ဗဒုက် အဖြေဝိသဇ္ဇနာ။ ။

(ဆိုလတ္တံ့သော ဣန္ဒြေခုနစ်ပါးမှ ကြွင်းသော) အစိုးရသည့် ဣန္ဒြေ တစ်ဆယ့်ငါးပါးတို့ကို အထက်မဂ်သုံးခုသည် မပယ်အပ်ကုန်။ အစိုးရသည့် ဣန္ဒြေခုနစ်ပါး (မန, ဇီဝိတ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့ကို အချို့ အထက်မဂ်သုံးခုသည် ပယ်အပ်ကုန်၏၊ အချို့ အထက်မဂ်သုံးခုသည် မပယ်အပ်ကုန်။

### (၈၅) ဒဿနေန ပဟာတဗ္ဗဟေတုကဒုက် အဖြေဝိသဇ္ဇနာ။ ။

(ဆိုလတ္တံ့သော ဣန္ဒြေခုနစ်ပါးမှ ကြွင်းသော) ဣန္ဒြေတစ်ဆယ့် ငါးပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်မရှိကုန်။ အစိုးရသည့် ဣန္ဒြေခုနစ်ပါး (မန, ဇီဝိတ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့သည် အချို့ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိကုန်၏၊ အချို့ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ် မရှိကုန်။

### (၈၆) ဘာဝနာယ ပဟာတဗ္ဗဟေတုကဒုက် အဖြေဝိသဇ္ဇနာ။ ။

(ဆိုလတ္တံ့သော ဣန္ဒြေခုနစ်ပါးမှကြွင်းသော) ဣန္ဒြေတစ်ဆယ့် ငါးပါးတို့သည် အထက်မဂ် သုံးခုသည် ပယ်အပ်သော ဟိတ် မရှိကုန်။ အစိုးရသည့် ဣန္ဒြေခုနစ်ပါး (မန, ဇီဝိတ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့သည် အချို့ အထက်မဂ်သုံးခုသည် ပယ်အပ်သော ဟိတ်ရှိကုန်၏၊ အချို့ အထက်မဂ်သုံးခုသည် ပယ်အပ်သော ဟိတ် မရှိကုန်။

### (၈၇) သဝိတက္ကဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် ဣန္ဒြေ ကိုးပါး (ရုပ်ဣန္ဒြေ-၇, သုခ, ဒုက္ခ) တို့သည် ဝိတက် မရှိကုန်။ စိတ်ဆင်းရဲမှု၌ အစိုးရသည့် ဒေါမနဿိန္ဒြေသည် ဝိတက်ရှိ၏။ (ကြွင်းသော) ဣန္ဒြေ၁၂-ပါးတို့သည် အချို့ ဝိတက် ရှိကုန်၏၊ အချို့ ဝိတက် မရှိကုန်။

## (၈၈) သဝိစာရဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် က္ခန္ဓေကိုးပါး (ရုပ်က္ခန္ဓေ-၇, သုခ, ဒုက္ခ) တို့သည် ဝိစာရ မရှိကုန်။ စိတ်ဆင်းရဲမှု၌ အစိုးရသည့် ဒေါမနဿက္ခန္ဓေသည် ဝိစာရ ရှိ၏။

အစိုးရသည့် (ကြွင်းသော) က္ခန္ဓေ၁၂-ပါးတို့သည် အချို့ ဝိစာရ ရှိကုန်၏။ အချို့ ဝိစာရ မရှိကုန်။

## (၈၉) သပ္ပီတိကဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် က္ခန္ဓေတစ်ဆယ့်တစ်ပါး (ရုပ်က္ခန္ဓေ- ၇, သုခ, ဒုက္ခ, ဒေါမနဿ, ဥပေက္ခာ) တို့သည် ပီတိ မရှိကုန်။ အစိုးရသည့် (ကြွင်းသော) က္ခန္ဓေ တစ်ဆယ့်တစ်ပါးတို့သည် အချို့ ပီတိ ရှိကုန်၏၊ အချို့ ပီတိ မရှိကုန်။

## (၉၀) ပီတိသဟဂတဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် က္ခန္ဓေ တစ်ဆယ့်တစ်ပါး (ရုပ်က္ခန္ဓေ-၇, သုခ, ဒုက္ခ, ဒေါမနဿ, ဥပေက္ခာ) တို့သည် ပီတိနှင့်တကွ မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) က္ခန္ဓေ တစ်ဆယ့်တစ်ပါးတို့သည် အချို့ ပီတိနှင့် တကွ ဖြစ်ကုန်၏၊ အချို့ ပီတိနှင့်တကွ မဖြစ်ကုန်။

## (၉၁) သုခသဟဂတဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် က္ခန္ဓေတစ်ဆယ့်နှစ်ပါး (ရုပ်က္ခန္ဓေ-၇, သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ) တို့သည် သုခဝေဒနာနှင့်တကွ မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) က္ခန္ဓေဆယ်ပါးတို့သည် အချို့ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏၊ အချို့ သုခဝေဒနာနှင့်တကွ မဖြစ်ကုန်။

## (၉၂) ဥပေက္ခာသဟဂတဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် က္ခန္ဓေတစ်ဆယ့်နှစ်ပါး (ရုပ်က္ခန္ဓေ-၇, သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ) တို့သည် ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) က္ခန္ဓေ ဆယ်ပါးတို့သည် အချို့ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏၊ အချို့ ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်ကုန်။

## (၉၃) ကာမာဝစရဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် က္ခန္ဓေဆယ်ပါး (ရုပ်က္ခန္ဓေ-၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့သည် ကာမတဏှာ၏ ကျင်လည်ရာ ဖြစ်ကုန်၏။ အစိုးရသည့် လောကုတ္တရာ က္ခန္ဓေသုံးပါးတို့သည် ကာမတဏှာ၏ ကျင်လည်ရာ မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) က္ခန္ဓေ ကိုးပါးတို့သည် အချို့ ကာမတဏှာ၏ ကျင်လည်ရာ ဖြစ်ကုန်၏၊ အချို့ ကာမတဏှာ၏ ကျင်လည်ရာ မဖြစ်ကုန်။

## (၉၄) ရူပါဝစရဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် က္ကန္ဓေတစ်ဆယ့်သုံးပါး (ရုပ်က္ကန္ဓေ-၇, သုခ, ဒုက္ခ, ဒေါမနဿ, လောကုတ္တရာ က္ကန္ဓေ ၃-ပါး) တို့သည် ရူပတဏှာ၏ ကျင်လည်ရာ မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) က္ကန္ဓေ ကိုးပါးတို့သည် အချို့ ရူပတဏှာ၏ ကျင်လည်ရာ ဖြစ်ကုန်၏၊ အချို့ ရူပတဏှာ၏ ကျင်လည်ရာ မဖြစ်ကုန်။

## (၉၅) အရူပါဝစရဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် က္ကန္ဓေတစ်ဆယ့်လေးပါး (ရုပ်က္ကန္ဓေ-၇, သုခ, ဒုက္ခ, ဒေါမနဿ, သောမနဿ, လောကုတ္တရာ က္ကန္ဓေသုံးပါး) တို့သည် အရူပတဏှာ၏ ကျင်လည်ရာ မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) က္ကန္ဓေ ရှစ်ပါးတို့သည် အချို့ အရူပတဏှာ၏ ကျင်လည်ရာ ဖြစ်ကုန်၏၊ အချို့ အရူပတဏှာ၏ ကျင်လည်ရာ မဖြစ်ကုန်။

## (၉၆) ပရိယာပန္နဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့်က္ကန္ဓေဆယ်ပါး (ရုပ်က္ကန္ဓေ- ၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့သည် ဘုံသုံးပါး၌ အကျုံးဝင်ကုန်၏။ အစိုးရသည့် လောကုတ္တရာ က္ကန္ဓေသုံးပါးတို့သည် ဘုံသုံးပါး၌ အကျုံးမဝင်ကုန်။ အစိုးရသည့် (ကြွင်းသော) က္ကန္ဓေကိုးပါးတို့သည် အချို့ ဘုံသုံးပါး၌ အကျုံးဝင်ကုန်၏၊ အချို့ ဘုံသုံးပါး၌ အကျုံးမဝင်ကုန်။

## (၉၇) နိယျာနိကဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် က္ကန္ဓေ၁၁-ပါး (ရုပ်က္ကန္ဓေ- ၇, သုခ, ဒုက္ခ, ဒေါနဿ, အညာတာ) တို့သည် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်ကုန်။ သစ္စာတရားတို့ကို ထိုးထွင်းသိမှု၌ အစိုးရသည့် အနညာတညဿာမီတိန္ဒြေသည် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်၏။ အစိုးရသည့် (ကြွင်းသော) က္ကန္ဓေ ဆယ်ပါးတို့သည် အချို့ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏၊ အချို့ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်ကုန်။

## (၉၈) နိယတဒုက် အဖြေဝိသဇ္ဇနာ။ ။

အစိုးရသည့် က္ကန္ဓေဆယ်ပါး (ရုပ်က္ကန္ဓေ-၇, သုခ, ဒုက္ခ, အညာတာဝိန္ဒြေ) တို့သည် မိမိ၏ အခြားမဲ့၌ လည်းကောင်း၊ စုတိ၏ အခြားမဲ့၌ လည်းကောင်း အကျိုးပေး မမြဲကုန်။ သစ္စာတရားတို့ကို ထိုးထွင်းသိမှု၌ အစိုးရသည့် အနညာတညဿာမီတိန္ဒြေသည် မိမိ၏ အခြားမဲ့၌ လည်းကောင်း၊ စုတိ၏ အခြားမဲ့၌ လည်းကောင်း အကျိုးပေးမြဲ၏။ အစိုးရသည့် (ကြွင်းသော က္ကန္ဓေ တစ်ဆယ့်တစ်ပါးတို့သည် အချို့ မိမိ၏ အခြားမဲ့၌ လည်းကောင်း၊ စုတိ၏ အခြားမဲ့၌ လည်းကောင်း အကျိုးပေးမြဲကုန်၏၊ အချို့ မိမိ၏ အခြားမဲ့၌ လည်းကောင်း၊ စုတိ၏ အခြားမဲ့၌ လည်းကောင်း အကျိုးပေးမမြဲကုန်။

**(၉၉) သဥတ္တရဒုက် အဖြေဝိသဇ္ဇနာ။ ။**

အစိုးရသည့် က္ခန္ဓေဆယ်ပါး (ရုပ်က္ခန္ဓေ- ၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့သည် မိမိထက် လွန်မြတ်သော တရားရှိကုန်၏။ အစိုးရသည့် လောကုတ္တရာ က္ခန္ဓေသုံးပါးတို့သည် မိမိထက် လွန်မြတ်သော တရား မရှိကုန်။ အစိုးရသည့် (ကြွင်းသော) က္ခန္ဓေကိုးပါးတို့သည် အချို့ မိမိထက် လွန်မြတ်သော တရား ရှိကုန်၏၊ အချို့ မိမိထက် လွန်မြတ်သော တရား မရှိကုန်။

**(၁၀၀) သရဏဒုက် အဖြေဝိသဇ္ဇနာ။ ။**

အစိုးရသည့် (ဆိုလတ္တံ့သော က္ခန္ဓေခုနစ်ပါးမှ ကြွင်းသော) က္ခန္ဓေ တစ်ဆယ့်ငါးပါးတို့သည် ငိုကြွေးကြောင်း ကိလေသာ မရှိကုန်။ စိတ်ဆင်းရဲမှု၌ အစိုးရသည့် ဒေါမနဿိန္ဒြေသည် ငိုကြွေးကြောင်း ကိလေသာ ရှိ၏။ အစိုးရသည့် က္ခန္ဓေ ခြောက်ပါး (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့သည် အချို့ ငိုကြွေးကြောင်း ကိလေသာ ရှိကုန်၏၊ အချို့ ငိုကြွေးကြောင်း ကိလေသာ မရှိကုန်။

**က္ခန္ဓေ ၂၂-ပါးတို့ကို ဒုက်၁၀၀-တို့ဖြင့် ဝေဖန်၍ပြသော အဖြေဝိသဇ္ဇနာ ပြီး၏။**

**အမေးအဖြေပြု၍ ဟောကြားသော ပဥ္စာပုစ္ဆကနည်း ပြီးပြီ။**

# ရုပ်နာမ်တို့ကို အစိုးရသည့် က္ခန္ဓေတို့ကို ဝေဖန်၍ပြသော

# က္ခန္ဒြိယဝိဘင်း ပြီးပြီ။

------